# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 2 March 2017 (၈၈၅၃)


# စိုက်ပျိုးနည်းပညာ၊ ရာသီဥတုနဲ့ ဈေးကွက်ဆိုင်ရာအချက်အလက်များကို မီဒီယာသာမက ဖုန်းမှတစ်ဆင့် မျှဝေပေးနေ နိုင်ငံရဲ့စားနပ်ရိက္ခာသာမက နိုင်ငံတကာဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေး ရည်မှန်းချက်နဲ့ စိုက်ပျိုးထုတ်လုပ်

## ၂၀၁၇ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သော သဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါတဲ့ တောင်သူလယ်သမားကြီးများခင်ဗျား -**

ဒီကနေ့ အချိန်အခါသမယဟာ နိုင်ငံတော်တစ်ဝန်းလုံးရှိ တောင်သူလယ်သမားများကို အထူးအလေးအနက် ဂုဏ်ပြုသတ်မှတ်ထားရှိတဲ့ သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးဖြစ်ပါတယ်။ ဤကဲ့သို့ အစဉ်အလာကြီးမားတဲ့ မင်္ဂလာရက်မြတ် အချိန်အခါသမယမှာ တောင်သူလယ်သမားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းအပေါင်းနဲ့ ပြည့်စုံကြကာ ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နဲ့ ပြည့်စုံကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆတက်ထမ်းပိုး ပိုမိုတိုးတက်ဖြစ်ထွန်းအောင်မြင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်ဒေသမှာနေထိုင်ကြပြီး အဓိက စီးပွားရေးလုပ်ငန်းဟာ လယ်ယာလုပ်ငန်းဖြစ်ပြီး တစ်မျိုးသားလုံးရဲ့ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး (GDP)ရဲ့ ၃၀ ရာခိုင်နှုန်းခန့်ကို လယ်ယာကဏ္ဍမှရရှိပေမယ့် တောင်သူလယ်သမားအများစုဟာ အကျိုးခံစားခွင့် အလွန်နည်းပါးပြီး လူမှုစီးပွားဘဝ နိမ့်ကျလျက်ရှိပါတယ်။ ရာသီဥတုပြောင်းလဲမှု သဘာဝဘေးနဲ့ အခြားသော ဘေးအန္တရာယ်ကျရောက်မှုတွေ၊ သစ်တောပြုန်းတီးခြင်းနဲ့ မြေဆီလွှာထိန်းသိမ်းမှုလုပ်ငန်းတွေ အားနည်းခြင်းတို့ရဲ့ အကျိုးဆက်အနေနဲ့ တောင်သူလယ်သမားအများစုဟာ ဝင်ငွေနိမ့်ကျပြီး လူမှုစီးပွားဘဝ အခြေအနေများ ထိခိုက်ခဲ့ပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေဖို့ မူဝါဒများနဲ့ လုပ်ငန်းစဉ်များကို ခိုင်ခိုင်မာမာ ရေးဆွဲချမှတ်အကောင်အထည်ဖော်ပြီး တောင်သူလယ်သမားများရဲ့

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

# အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၁၇) အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁**

SME များသည် နေရာဒေသ အနှံ့အပြားတွင် တည်ရှိနေခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများကို ကျေးလက်ဒေသအထိ ပေးနိုင်စွမ်းရှိသည့်အပြင် Internal Migration ခေါ် ကျေးလက်ဒေသမှ မြို့ပြသို့ ပြည်တွင်းပေါင်းစည်း အခြေချမှုအား ဖြစ်ပေါ်စေသော မလိုလားအပ်သည့် မြို့ပြကျယ်ပြောမှု (Urbanization)ကို တားဆီးနိုင်မည် ဖြစ်ပါကြောင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြောကြားသည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၁၇) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**



အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ(၁/၂၀၁၇) အစည်းအဝေး၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှာစကားပြောကြားစဉ်။

## တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။




# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ကြေးမုံ

## အားလုံးအတွက် ဆွေးနွေးအဖြေရှာ

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)အရ လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများကို NCA လက်မှတ်ရေးထိုးပြီးသော ပြည်နယ်များတွင် ကျင်းပနိုင်ခဲ့ပြီး ဒေသအလိုက် ဆွေးနွေးပွဲများကို တိုင်းဒေသကြီးများတွင် ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

ဆွေးနွေးပွဲများကို ကျင်းပခဲ့ခြင်းသည် ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းရေးနှင့် အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက်ဖြစ်၍ ဆွေးနွေးပွဲများ၏ရည်မှန်းချက်အတိုင်း အောင်မြင်ထမြောက်အောင် တိုင်းရင်းသားပြည်သူများအားလုံးက ဆက်လက်၍ တက်တက်ကြွကြွပါဝင်ကြရမည်ဖြစ်သလို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများကလည်း ဆက်လက်ပါဝင်ဆောင်ရွက်ကြဖို့လိုမည်ဖြစ်သည်။

လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ကျင်းပခဲ့သည်။ ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ကျင်းပခဲ့ပြီး ပါဝင်ဆွေးနွေးခဲ့ကြသူများကိုယ်တိုင် ကျေနပ်မှုများရရှိကြကာ မတူကွဲပြားသော အမြင်ပေါင်းစုံတို့မှ တူရာတူရာတို့ကိုစုစည်းနိုင်ခဲ့သည့် ရလဒ်ကောင်းများကို ဖော်ထုတ်နိုင်ခဲ့ပေသည်။

ထိုကဲ့သို့ အမျိုးသားအဆင့်ဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်းသည် (၂၁)ရာစုပင်လုံတွင်ကျင်းပမည့် ဆွေးနွေးပွဲများကို ပိုမိုမြိုင်ဆိုင်လာနိုင်မည်ဖြစ်သည်။ အန္တိမရည်မှန်းချက်ဖြစ်သည့် ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းရေးနှင့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဖော်ဆောင်ရာတွင် အပစ်အခတ်ရပ်စဲရေးအပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်မြေယာသဘာဝဝန်းကျင်ကဏ္ဍမှာ တိုင်းရင်းသားပြည်သူများအတွက် အရေးကြီးသဖြင့် ထိုအရေးအရာများကို အလေးထားဆွေးနွေးနိုင်ခဲ့ခြင်းမှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

ဆွေးနွေးမှုရရှိချက်များမှ အများသဘောတူညီသောအချက်များ၊ ပြည်ထောင်စုအတွက် အကျိုးရှိစေမည့်အချက်များ၊ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံအုတ်မြစ်ဖြစ်စေမည့် အချက်များကို စုစည်းရယူနိုင်မည်ဆိုလျှင် (၂၁)ရာစုပင်လုံအတွက် အကြိုအောင်မြင်မှုများဖြစ်လာမည်ဖြစ်သည်။

ယခု NCA လက်မှတ်ရေးထိုးပြီးသောပြည်နယ်များတွင် နိုင်ငံရေးလမ်းပြမြေပုံအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းသည် NCA လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးသည့်ဒေသများမှ အဖွဲ့များအတွက်လည်း ယုံကြည်မှုများကို ပိုမိုပေးစွမ်းနိုင်မည်ဖြစ်သည်။ မိမိတို့ပေးနိုင်သည်များနှင့် မိမိတို့ရပိုင်ခွင့်များအားလုံးကို အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ရလဒ်များကိုစုစည်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ဆက်လက်တင်သွင်းနိုင်ရေးအတွက် အထောက်အပံ့ကောင်းများဖြစ်လာမည်။

နိုင်ငံအတွက်အဓိကလိုအပ်ချက်မှာ ငြိမ်းချမ်းရေးဖြစ်ပြီး ပြည်သူများအတွက် မျှော်လင့်ချက်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဖြစ်သည်။ နိုင်ငံနှင့်ပြည်သူအကျိုးဟုဆိုရာတွင် အပစ်အခတ်ရပ်စဲရေးသာမက တိုင်းရင်းသားပြည်သူများအားလုံး၏ ဒေသအလိုက်၊ လူမျိုးအလိုက် လိုအပ်နေသောအကျိုးစီးပွားများကို ပွင့်လင်းမြင်သာစွာဖြင့် ဆွေးနွေးအဖြေရှာကြရမည်ဖြစ်သည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အတိုင်းအတာတစ်ခုအထိအောင်မြင်မှုရရှိနေပြီဖြစ်သော်လည်း အပြည့်အဝအောင်မြင်မှုရရှိရန် လိုအပ်ချက်များများစွာ ရှိနေသေးသည်။ ယင်းကိုရရှိနိုင်ရန် စိန်ခေါ်မှုများစွာကို နှစ်ပေါင်းများစွာ ကြိုးပမ်းကျော်ဖြတ်နေရဆဲဖြစ်သည်။

ယခုဒေသအလိုက်၊ လူမျိုးအလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခဲ့ခြင်းသည် အဖြေရှာ၍မရနိုင်သေးသော NCA တွင် အားလုံးပါဝင်လာနိုင်ရေးအတွက် ကနဦးကြိုးပမ်းဆောင်ရွက်ချက်များပင်ဖြစ်သည်။ ဆွေးနွေးပွဲများတွင် အမြင်မတူမှုများကို အပြင်းအထန်ငြင်းခုံဆွေးနွေးပြီး နိုင်ငံနှင့်လူမျိုးအကျိုးအတွက် တူရာတူရာများကို စုစည်းထုတ်ဖော်ထားကြရမည်ဖြစ်သည်။

သို့မှသာ တိုင်းရင်းသားပြည်သူအားလုံးမျှော်လင့်စောင့်စားနေသော ပြည်ထောင်စုကြီးငြိမ်းချမ်းရေးနှင့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် (၂၁)ရာစုပင်လုံတွင် ရလဒ်ကောင်းများနှင့် ဆက်လက်ဆွေးနွေး အဖြေရှာနိုင်မည်ဖြစ်သည်။ ။

## ကျေးရွာချင်းဆက်လမ်း၊ တံတားများ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မံစီ မတ် ၁**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း(မွမ်းမံ)ရန်ပုံငွေဖြင့် မံစီမြို့နယ်အတွင်းရှိ မံသဲ- ဟန်ထက်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ (Box Culvert) သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် မြေသားတာပေါင်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုတို့ကို ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်နုနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆက်လက်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နဂါးမောက်ခြံ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းနေမှုကို စစ်ဆေးခဲ့ပြီး ညွှန်ကြားရေးမှူးက ရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁**

ရန်ကုန်(ရွှေဈေး) ၈၉၈၅၀၀ - ၈၉၈၅၀၀ မန္တလေး(ရွှေဈေး) ၈၉၈၅၀၀ - ၈၉၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၅ ကျပ်၊ | ၇၅၀/၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၆၀/၇၇၀ ကျပ်၊ | ၈၈၅/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၂၀/၇၃၅ ကျပ်၊ | ၈၀၀/၈၁၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၃၀/၇၄၅ ကျပ်၊ | ၇၇၀/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၇၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၉၁ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၅. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၅၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၈၁၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၂၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၃၄၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၉. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၂၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၉. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၈. ၀၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror ၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **စိုက်ပျိုးနည်းပညာမှ**

လူမှုစီးပွားဘဝတိုးတက်လာဖို့ ကြိုးပမ်းဆောင် ရွက်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အဓိကရည်မှန်းချက်တာဝန်တစ်ခုအဖြစ် တည်ငြိမ်အေးချမ်းရေးနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရသစ်ရဲ့ ၁၁ လတာအတွင်းမှာ ရေရှည်တည်တံ့တဲ့ လယ်ယာထုတ်ကုန်စနစ် ထွန်းကားစေဖို့၊ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တွေ တိုးတက်ထုတ်လုပ်နိုင်ဖို့အတွက် ရည်မှန်းချက်ပန်းတိုင်တွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် စားနပ်ရိက္ခာဖူလုံဖို့၊ အာဟာရပြည့်ဝရေးနဲ့ အစားအစာဘေးအန္တရာယ်ကင်းရှင်းမှု တိုးတက်လာစေဖို့၊ တောင်သူလယ်သမားများရဲ့ အခွင့်အရေးပြည့်ဝစွာ ရရှိခံစားနိုင်စေဖို့၊ လယ်ယာကဏ္ဍမှာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာစေဖို့ စသဖြင့် ရည်မှန်းချက် (၁၁) ချက် ချမှတ်ထားပြီး အဲဒီရည်မှန်းချက်တွေကို အကောင်အထည်ဖော်ရာမှာလည်း စိုက်ပျိုးမွေးမြူရေးကဏ္ဍထုတ်လုပ်မှုစွမ်းအားမြင့်မားလာဖို့နဲ့အတူ လုပ်ကွက်ငယ် တောင်သူလယ်သမားများရဲ့ ဝင်ငွေပါ တိုးတက်လာစေဖို့၊ ကျေးလက်ဒေသ လူမှုစီးပွားဘဝတိုးတက်လာဖို့၊ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ဖို့ စတဲ့ မူဝါဒတွေချမှတ်ပြီး ကြိုးပမ်းလျက်ရှိပါတယ်။

**ချစ်ကြည်လေးစားအပ်ပါတဲ့ တောင်သူလယ်သမားကြီးများခင်ဗျား-**

မိမိတို့နိုင်ငံဟာ လယ်ယာကဏ္ဍကို အဓိကအားထားနေရပြီး စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ တောင်သူလယ်သမားများရဲ့ အခွင့်အရေးတွေကို ကာကွယ်နိုင်ဖို့၊ အကျိုးစီးပွားတွေကို ပိုမိုမြှင့်တင်နိုင်ဖို့အတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သလို ဒုတိယသမ္မတဦးဆောင်တဲ့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကိုလည်း ဖွဲ့စည်းကာ သတ်မှတ်ထားတဲ့ မူဝါဒများနဲ့အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

သဘာဝမိုးရေကိုသာ မှီခိုအားထားပြီး စိုက်ပျိုးကြရတဲ့လယ်မြေများကို ဆည်ရေသောက်စနစ်တွေ တည်ဆောက်ပေးခြင်းဖြင့် သီးထပ်သီးညှပ်တွေ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ကြဖို့ ကြိုးပမ်းလျက်ရှိသလို ဒေသအလိုက် လိုက်လျောညီထွေရှိမယ့် သီးနှံတွေ၊ သီးနှံပုံစံတွေ၊ စိုက်စနစ်တွေ ဆောင်ရွက်နိုင်ဖို့အတွက်ကိုလည်း ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

ဆည်တာတမံကြီးတွေနဲ့ မြစ်ရေတင်စီမံကိန်းကြီးတွေ ထိန်းသိမ်းမွမ်းမံခြင်း၊ ရေကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး သရုပ်ပြပညာပေးခြင်း၊ စက်မှုလယ်ယာစနစ်တကျဖော်ထုတ်ခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့တွေ အပြည့်အဝသုံးစွဲနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း၊ ထုတ်ကုန်သီးနှံတွေ အရည်အသွေးကောင်းမွန်ရေး၊ ဓာတ်ကြွင်းအာနိသင်တွေ ကင်းစင်ရေး၊ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှု လျှော့ချရေး၊ နည်းပညာများစတဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေရရှိဖို့ တောင်သူလယ်သမားတွေရဲ့ လက်ဝယ်အရောက်လေ့ကျင့်ပညာပေးခြင်းစတဲ့ လုပ်ငန်းစဉ်တွေကိုလည်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများအဖြစ် အခိုင်အမာ တည်ဆောက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် တောင်သူပညာပေး စံနမူနာပြစိုက်ကွင်းတွေ ထူထောင်ပြသခြင်းအပြင် တောင်သူတွေကိုယ်တိုင် စိုက်ပျိုးပညာရှင်တွေနဲ့ ပါဝင်ပူးပေါင်းပြီး မိမိဒေသနဲ့ ကိုက်ညီတဲ့ မျိုး၊ သီးနှံပုံစံ၊ စိုက်စနစ်တို့နဲ့ စမ်းသပ်ကွက်များ စိုက်ပျိုးခြင်းတွေကိုလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်က တောင်သူလယ်သမားများကို မိမိဒေသနဲ့ကိုက်ညီမယ့် ဈေးကွက်ဝင်သီးနှံများကို စိုက်ပျိုးခွင့်ပေးထားပြီးလည်း ဖြစ်ပါတယ်။ တောင်သူလယ်သမားတွေ ဝင်ငွေတိုးတက်ရရှိနိုင်ရေးအတွက် ခိုင်မာတဲ့ဈေးနှုန်းနဲ့ ရောင်းချနိုင်မယ့် ပြည်တွင်းပြည်ပ ဈေးကွက်နေရာ ရရှိနိုင်ရေးအတွက် ကုန်ကြမ်းအဆင့်အနေနဲ့သာမက တန်ဖိုးမြှင့်ထုတ်ကုန် ကုန်ချောတွေထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်ကို တင်ပို့ရောင်းချနိုင်ဖို့အတွက်လည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ထုတ်ကုန်သီးနှံတွေရဲ့ ဈေးနှုန်းခိုင်မာပြီး ဝင်ငွေပိုမိုတိုးတက်ရရှိစေဖို့နဲ့ ပြည်တွင်းပြည်ပမှာ ခိုင်မာတဲ့ ဈေးကွက်ရရှိရေးအတွက် ဈေးပြိုင်စနစ်ကျင့်သုံးမယ့် နိုင်ငံတကာအဆင့်မီ လက်ကားဈေးကွက် Wholesale Market တွေ ပေါ်ပေါက်လာရေးအတွက်လည်း စနစ်တကျ စီမံဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါတယ်။

**ချစ်ကြည်လေးစားအပ်ပါတဲ့ တောင်သူလယ်သမားကြီးများခင်ဗျား-**

နိုင်ငံတစ်ဝန်းရှိ လုပ်ကွက်ငယ်တောင်သူလယ်သမားများရဲ့ စွမ်းအားကို ရယူပေါင်းစုနိုင်မယ့် လယ်ယာထုတ်ကုန် သမဝါယမအသင်းအဖွဲ့တွေ ဖွဲ့စည်းထူထောင်နိုင်ဖို့လည်း ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ ခေတ်မီ စိုက်ပျိုးနည်းပညာတွေ တောင်သူလက်ဝယ်အရောက် အလွယ်တကူရောက်ရှိဖို့ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များနဲ့ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နဲ့တစ်ပြေးညီ သိရှိဖို့၊ စိတ်လက်အပန်းဖြေနိုင်ဖို့အတွက် နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကပိုင် မီဒီယာတွေသာမက အခုနောက်ဆုံး လူတိုင်းလက်ဝယ်ရောက်ရှိလာနေပြီဖြစ်တဲ့ မိုဘိုင်းဖုန်းတွေကနေတစ်ဆင့် သတင်းအချက်အလက်တွေ မျှဝေပေးနေပါတယ်။

ကမ္ဘာ့လူဦးရေဟာလည်း နေ့စဉ်တိုးတက်လျက်ရှိနေရာ လက်ရှိလူဦးရေ သန်းပေါင်း ၇၀၀၀ ကျော်ဟာ လာမယ့် ၂၀၅၀ ပြည့်နှစ်မှာ သန်းပေါင်း ၉၀၀၀ ရှိလာမှာဖြစ်တဲ့အတွက် လိုအပ်လာမယ့် စားနပ်ရိက္ခာကို ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်ကြရမှာလည်း ဖြစ်ပါတယ်။ မိမိတို့နိုင်ငံအနေနဲ့လည်း လာမယ့်နှစ်များအတွင်း တိုးပွားလာနိုင်မယ့် လူဦးရေပမာဏအတွက် မျှော်မှန်းပြီး နိုင်ငံရဲ့ စားနပ်ရိက္ခာလုံခြုံစိတ်ချမှုရှိရုံသာမက နိုင်ငံတကာဈေးကွက်ကို ပိုမိုတိုးတက်တင်ပို့ရောင်းချနိုင်ရေးရည်မှန်းချက်နဲ့ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုတွေကို ဘက်ပေါင်းစုံက အရှိန်အဟုန်မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့နိုင်ငံရဲ့ မြေသယံဇာတနဲ့ ရေသယံဇာတ ပေါကြွယ်ဝမှု၊ ရာသီဥတု ကောင်းမွန်မှုစတဲ့ အားသာချက်တွေနဲ့ တောင်သူလယ်သမားတို့ရဲ့ ပေါင်းစည်းအင်အားတို့ကိုအခြေခံပြီး လယ်ယာကဏ္ဍအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်ပြီး ကြိုးပမ်းဆောင်ရွက်ကြရမယ့် အချိန်အခါကောင်းဖြစ်တာနဲ့အညီ တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝမြှင့်တင်ရန် အခါအခွင့်သင့်သော အခြေအနေလည်းဖြစ်ပါတယ်။

**ချစ်ကြည်လေးစားအပ်ပါတဲ့ တောင်သူလယ်သမားကြီးများခင်ဗျား-**

နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ တောင်သူလယ်သမားတွေအပါအဝင် နိုင်ငံသားအားလုံးရဲ့ ရေရှည်အမျိုးသားရေးအကျိုးစီးပွားအတွက် ကြုံတွေ့ရင်ဆိုင်ကြရမယ့် စိန်ခေါ်မှု၊ အတားအဆီးနဲ့ အခက်အခဲမှန်သမျှတို့ကို လားရာတူသို့ သာတူညီမျှစွာနဲ့ ပြိုင်တူတွန်းကာ ရည်မှန်းချက်ပန်းတိုင်အရောက်ချီတက်ကြပါစို့လို့ အလေးအနက်တိုက်တွန်းရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။



**သတ္တိရှိရှိ ပညာကို အသုံးပြုပြီး သူများတွေ မလုပ်ဖူးတဲ့ နည်းတွေကို လုပ်မယ်ဆိုရင် SME တွေ ဖွံ့ဖြိုးတိုးတက်ဖို့ အင်မတန်မှ အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။**

**ဒေါ်အောင်ဆန်းစုကြည်(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်)**



✪ **အသေးစားနှင့် အလတ်စားမှ**

ထို့ပြင် "နိုင်ငံရဲ့စီးပွားရေးယန္တရား တည်ဆောက်ပေးကြသူများဖြစ်တဲ့ SME တွေ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေဖို့ အားပေးဆောင်ရွက်ဖို့နဲ့ SME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် Policy တွေ၊ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ပြန်လည်သုံးသပ် ပြုစုပြဋ္ဌာန်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အကောင်အထည်ဖော်ရာမှာလည်း နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နဲ့ ဒေသအဆင့်တို့မှာ လိုအပ်တဲ့ ကျောရိုးမူဘောင်တွေကို ခိုင်မာစွာ တည်ထောင်ရမှာ ဖြစ်ပါတယ်။ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားရမည့် Factor (၄) ခုဖြစ်တဲ့ လုပ်ငန်းသစ်များ အစပျိုးရာမှာ တွေ့ကြုံရမယ့် အခက်အခဲ အတားအဆီးများလျှော့ချရေး၊ ရင်းနှီးမတည်ငွေ စီးဆင်းမှု၊ ပညာပေးခြင်းနဲ့ စွန့်ဦးတီထွင်မှုလုပ်ငန်းများကို အားကောင်းစေခြင်း၊ သတင်းကွန်ရက် ချိတ်ဆက်ခြင်းနဲ့ ကျယ်ကျယ်ပြန့်ပြန့် သတင်းဖြန့်ချိမှု အားကောင်းစေခြင်းဖြင့် International Supply Chain ထဲ ဝင်ရောက်ခြင်းတို့ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု နိုင်ငံတော်သမ္မတက ပြောကြားသည်။

နိုင်ငံတော်သမ္မတက တိုင်းပြည်တစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် SME များသည် အဓိက အသက်သွေးကြောအဖြစ် တည်ရှိနေသည်ကို တွေ့ရပါကြောင်း၊ SME များသည် နိုင်ငံဖွံ့ဖြိုးမှု၏ မောင်းနှင်အားဖြစ်သကဲ့သို့ စွန့်ဦးတီထွင်မှု Entrepreneurship လုပ်ငန်းများလည်း ဖြစ်ကြပါကြောင်း၊ ပြောင်းလဲနေသည့် ဈေးကွက်လိုအပ်ချက်ကို လုပ်ငန်းကြီးများထက် ပိုမိုလျင်မြန်လွယ်ကူစွာ တုံ့ပြန်နိုင်စွမ်းနှင့် ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိကြပါကြောင်း။

ယခုဖွဲ့စည်းပြီးသည့် ဗဟိုကော်မတီက လုပ်ငန်းကော်မတီ ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သည့်အဖွဲ့များကို ဆက်လက်ဖွဲ့စည်း တာဝန်ပေးအပ်ရန် လိုအပ်ပါကြောင်း။

လုပ်ငန်းကော်မတီ ဖွဲ့စည်းပေးရန် လိုအပ်သည့် အမည်စာရင်းကိုလည်း SME ဥပဒေ၊ အခန်း ၅၊ ပုဒ်မ ၇ ပါသတ်မှတ်ချက်များနှင့်အညီ ယနေ့အစည်းအဝေးတွင် အဆိုပြုသတ်မှတ်ပေးကြရန်ဖြစ်ပါကြောင်း၊ ယင်းသို့ သတ်မှတ်အတည်ပြုပြီးပါကလည်း အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သည့်အဖွဲ့များကို ဥပဒေနှင့်အညီဖွဲ့စည်းရန် လုပ်ငန်းကော်မတီကို တာဝန်ဆက်လက်ပေးသွားရမည် ဖြစ်ပါကြောင်း။

လုပ်ငန်းကော်မတီဖွဲ့စည်းပြီးပါက မိမိတို့ဗဟိုကော်မတီ၏ သဘောတူညီမှုနှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ အေဂျင်စီနဲ့ အေဂျင်စီရုံးခွဲများကို ဖွဲ့စည်းပြီး တာဝန်ပေးအပ်ရမည်ဖြစ်ပါကြောင်း။

SME လုပ်ငန်းများသည် အလွန်များပြားလှပြီး ကျယ်ပြန့်ခြင်းကြောင့် စနစ်တကျ အာရုံစိုက်၍ ဘက်ပေါင်းစုံပံ့ပိုး ဆောင်ရွက်သင့်သည်ဟု ပြောကြားလိုပါကြောင်း၊ ယခုအစည်းအဝေးမှစ၍ SME ဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုကျယ်ပြန့်စွာ အရှိန်မြှင့်ထောက်ပံ့ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် စီးပွားရေးတိုးတက်မှုတွင် အဓိကပါဝင်သည့် SME များ တိုးတက်ရန် အင်တိုက်အားတိုက်ဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ တွဲဖက်ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က SME များ မလွဲမရှောင်သာ တိုးတက်အောင်လုပ်ရမည်ဖြစ်ပါကြောင်း၊ ၉၉ ရာခိုင်နှုန်းသော စီးပွားရေးလုပ်ငန်းများသည် SME များ ဖြစ်ပါကြောင်း၊ ဤ SME များအောင်မြင်မှ နိုင်ငံ့စီးပွားရေးအောင်မြင်မည်ကို ထူးထူးထွေထွေ ရှင်းပြနေစရာ မလိုပါကြောင်း၊ SME များနှင့်ပတ်သက်၍ အစိုးရဌာနများက သတ်မှတ်ထားသည့် လိုအပ်သော ပံ့ပိုးမှုများမှာ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးမှု၊ ငွေကြေးအရင်းအမြစ်၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှု၊ ဈေးကွက်ရရှိရေး၊ သင့်လျော်သော အခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများ၊ လုပ်သာကိုင်သာသော စီးပွားရေးဝန်းကျင်ကောင်းများဆိုပြီး အစိုးရအဖွဲ့အစည်းများက သတ်မှတ်ထားပါကြောင်း။

## အကြံပြုဆွေးနွေး

**အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အကြံပြုဆွေးနွေးတင်ပြစဉ်။**

၎င်းနှင့်ပတ်သက်၍လည်း ဖိတ်ကြားထားသည့် ပညာရှင်များ၊ အတတ်ပညာရှင်များ၊ အသိပညာရှင်များက ဝိုင်းဝန်းဆွေးနွေးပြီး ဘယ်လိုအကောင်းဆုံး ကျွန်မတို့ အကောင်အထည်ဖော်နိုင်မလဲ၊ မိမိတို့၏ မူဝါဒများကို ဘယ်လိုအကောင် အထည်ဖော်နိုင်မလဲဆိုသည့် အကြံကောင်းများပေးလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

SME များသည် ပြည်တွင်းရော ပြည်ပပါ ဆက်သွယ်ပေးထားသည့် တံတားဟုလည်း ပြော၍ရပါကြောင်း၊ ယခုအချိန်တွင် SME များထူထောင်သည့် မိမိတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည်ကို မေ့၍မရပါကြောင်း၊ ထို့ကြောင့် အာဆီယံက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ တန်ဖိုးထားစံနှုန်းဘောင်များထဲမှ လုပ်ရန်လိုသလို မိမိတို့နိုင်ငံ၏ လိုအပ်ချက်ကိုကြည့်ပြီး လုပ်ရန်လိုပါကြောင်း၊ SME များကို တည်ထောင်သည့်အခါ မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဆိုသည်ကို မေ့၍မရပါကြောင်း။

SME ဆိုလျှင် တော်တော်များများကို ထူထောင်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်နွှယ်တယ်ဟု မထင်ကြကြောင်း၊ စီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် မဆက်နွှယ်ဘဲ စက်မှုလက်မှုနှင့် ဆက်နွှယ်သည်ဟု ထင်သည့်ပုဂ္ဂိုလ် အများကြီးရှိပါကြောင်း၊ သို့သော် မိမိတို့နိုင်ငံတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ဆက်နွှယ်ရန် လိုပါကြောင်း၊ ၂၁ ရာစု ကမ္ဘာ၏ စားသောက်ကုန်များ လိုအပ်ချက်အပေါ် အခြေခံပြီး မိမိတို့၏ SME များ ဘယ်လိုတိုးတက်နိုင်မလဲ၊ အခြားနိုင်ငံများ၏ SME များထက် ဘယ်လိုအင်အားများနိုင်မလဲ၊ တွန်းအားရှိနိုင်မလဲဆိုသည်ကို အဓိကထားပြီး မိမိတို့၏ အတတ်ပညာရှင်များ၊ အသိပညာရှင်များက အကြံပြုစေချင်ပါကြောင်း၊

**စာမျက်နှာ ၉ သို့** ❁

# လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်အတွက် လမ်းဖွင့်ပေးထားသည်ဟု ထရန့်က ကွန်ဂရက်လွှတ်တော်သို့ပြော

**ဝါရှင်တန် မတ် ၁**

လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်အတွက် မိမိလမ်းဖွင့်ပေးထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က ကွန်ဂရက်လွှတ်တော်သို့ ဖေဖော်ဝါရီ ၂၈ ရက်က မိန့်ခွန်းပြောကြားရာတွင် ဖော်ပြလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလက ပြောဆိုခဲ့သည့် လေသံထက် ပိုမိုပျော့ပျောင်းသောလေသံဖြင့် သမ္မတထရန့်က ရှင်းလင်းပြောကြားခဲ့သည်ဟု နိုင်ငံရေးဆန်းစစ်လေ့လာသူများက မှတ်ချက်ပြုသည်။

ဒေါ်နယ်လ်ထရန့်၏ ဦးဆောင်မှုနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုအတွင်း သဘောကွဲလွဲမှု ဖြစ်ပေါ်နေဆဲမှာပင် ၎င်း၏မူဝါဒများနှင့်ပတ်သက်၍ ကွန်ဂရက်လွှတ်တော်မှတစ်ဆင့် နိုင်ငံတစ်ဝန်းသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ထရန့်သည် ဒီမိုကရက်များနှင့်လည်းကောင်း၊ သတင်းဌာနများနှင့်လည်းကောင်း အငြင်းပွားခဲ့ရမှုများကို ပြည်ဖုံးကားချကာ ပြည်သူများ၏ ယုံကြည်မှု ပြန်လည်ရရှိနိုင်ရန် ကြိုးပမ်းလျက်ရှိပုံရကြောင်း သတင်းတွင် ဖော်ပြထားသည်။

သမ္မတ၏မိန့်ခွန်းမှာ ကတိစကားများက အလေးပေးနေပြီး ၎င်း၏ မူဝါဒရေးရာနှင့် ပတ်သက်၍ ဥပဒေပြုရေးဆိုင်ရာ စိန်ခေါ်မှုများကို မည်သို့မည်ပုံဖြေရှင်းမည်ကို တိတိပပပြောကြားမှု နည်းပါးသည်ဟု နိုင်ငံရေးအကဲခတ်သူများက သုံးသပ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အောက်ခြေသိမ်း ပြုပြင်ပြောင်းလဲရေး၊ အခွန်ဖြတ်တောက်လျှော့ချမှု ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရေး၊ လမ်းများနှင့် တံတားများ အဆင့်မြှင့်တင်ခြင်းနှင့် တည်ဆောက်ခြင်းတို့အတွက် ရန်ပုံငွေဒေါ်လာ တစ်ထရီလီယံ အသုံးပြုမည့် အစီအစဉ်တစ်ရပ်ကို ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် မိမိအကောင်အထည်ဖော်လိုကြောင်း ထရန့်က ပြောကြားသည်။

ဥပဒေမဲ့ ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှုကို ဖြိုခွင်းမည်ဟု ထရန့်က သန္နိဋ္ဌာန်ချမှတ်ကာ မဲဆွယ်စည်းရုံးရေးကာလက ကြေညာခဲ့သော မူဝါဒရေးရာအစီအစဉ်များကို ထောက်ခံမှုရရှိရန် ၎င်းက စည်းရုံးခဲ့သည်။ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်နှင့်ပတ်သက်၍ ရီပတ်ဘလီကန်များနှင့်ဒီမိုကရက်တို့ လက်တွဲကြိုးပမ်းကြရန် ထရန့်က မေတ္တာရပ်ခံသည်။



ကွန်ဂရက်ရှိ ပါတီကြီးနှစ်ပါတီမှ အမတ်များအားလုံးအပေးအယူ အလျှော့အတင်းရှိကြလျှင် မဖြစ်နိုင်စရာအကြောင်း မရှိကြောင်း၊ သို့ရာတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒသစ်သည် ကျွမ်းကျင်မှု နည်းပါးသော ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူများအပေါ် အခြေခံခြင်း မရှိသင့်ဘဲ ကျွမ်းကျင်ပညာရှင်များအပေါ်တွင်သာ အခြေခံသင့်ကြောင်း ထရန့်က ပြောကြားသည်။ အမေရိကန်တို့အတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရေး၊ အမျိုးသားလုံခြုံရေး တိုးတက်ကောင်းမွန်ရေး၊ အမေရိကန်၏ ဥပဒေများကို ရွှေ့ပြောင်းအခြေစိုက်သူများ လေးစားလိုက်နာကြရေးဟူသော ရည်မှန်းချက်များနှင့်အညီ ဆောင်ရွက်ကြရန် ၎င်းက တိုက်တွန်းသည်။ **ရိုက်တာ။**

# တရုတ်နှင့် အမေရိကန် ပုံမှန်ဆွေးနွေးပွဲများ ပြုလုပ်ရန် သဘောတူညီ

**ဝါရှင်တန် မတ် ၁**

အမေရိကန်နှင့် တရုတ်ထိပ်တန်းသံတမန်များက အပြုသဘောဆောင်သော ဆက်ဆံရေး၏ အရေးပါမှုနှင့် နှစ်နိုင်ငံကြား အဆင့်မြင့်ပုံမှန်ဆွေးနွေးပွဲများပြုလုပ်ရန် သဘောတူညီမှုများကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တီလာဆန်နှင့် တရုတ်နိုင်ငံ၏ ပြည်ပရေးရာကိစ္စရပ်များ ကြီးကြပ်ကွပ်ကဲသူ နိုင်ငံတော်ကောင်စီဝင် ယန်ကျီချီတို့သည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဝါရှင်တန်မြို့၌ တွေ့ဆုံခဲ့ကြသည်။

ရက်တီလာဆန်သည် ယန်ကျီချီ၏ ဖိတ်ခေါ်မှုကို တုံ့ပြန်ရန်အတွက် မကြာမီအချိန်အတွင်း တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ရန် စိတ်ဝင်စားလျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းတို့နှစ်ဦးသည် မြောက်ကိုရီးယားနျူကလီးယားပြဿနာအပါအဝင် နှစ်နိုင်ငံအပြန်အလှန်သက်ဆိုင်နေသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်မှုနှင့် နျူကလီးယားအစီအစဉ်များရပ်တန့်ရန် လုပ်ဆောင်ခြင်းမရှိဟု ပြောဆိုခဲ့ဖူးသည်။



တရုတ်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံမှ ကျောက်မီးသွေးများ ဝယ်ယူတင်သွင်းမှုကို ဖေဖော်ဝါရီလအတွင်းက ရပ်ဆိုင်းလိုက်သည်။

အဆိုပါ ထိပ်တန်းသံတမန်နှစ်ဦးက ဒေါ်နယ်လ်ထရန့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့အနေဖြင့် ပထမဆုံးအကြိမ် ထိပ်သီးဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက်လည်း ဆွေးနွေးခဲ့သည်ဟု ယူဆရသည်။

**အင်န်အိတ်ချ်ကေ။**

# ကင်ဂျုံနမ် လုပ်ကြံခံရမှုတွင် ဓာတုလက်နက်အသုံးပြုခဲ့ခြင်းကြောင့် မြောက်ကိုရီးယားကို ကုလအဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ထားရန် တိုက်တွန်း

**ဂျီနီဗာ မတ် ၁**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်နှင့် စိတ်ဝမ်းကွဲပြားနေသည့် အဖေတူ အမေကွဲ အစ်ကိုတော်စပ်သူ လုပ်ကြံသတ်ဖြတ်ခံရမှုတွင် ဓာတုလက်နက်ကိုအသုံးပြုခဲ့ခြင်းအတွက် စုပေါင်းပြစ်ဒဏ်ပေးသည့်အနေဖြင့် ယင်းနိုင်ငံအား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်မှ ဆိုင်းငံ့ထားရန် တောင်ကိုရီးယားနိုင်ငံက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

လက်နက်ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာညီလာခံကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပရာတွင် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ယွန်ဗျောင်စီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ကင်ဂျုံနမ်အား လုပ်ကြံသတ်ဖြတ်ရာတွင် ကုလသမဂ္ဂက တားမြစ်ပိတ်ပင်ထားသော ဓာတုလက်နက်တစ်မျိုးကို အသုံးပြုခဲ့ခြင်းကြောင့် မြောက်ကိုရီးယားနိုင်ငံအား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်မှ ဆိုင်းငံ့ထားသင့်ကြောင်း ယွန်ဗျောင်စီက အဆိုပြုသည်။

တတိယနိုင်ငံတစ်နိုင်ငံတွင် လူတစ်ဦးကို သတ်ဖြတ်နိုင်ရေးအတွက် မြောက်ကိုရီးယားနိုင်ငံက ဓာတုလက်နက်သုံးစွဲခဲ့သည်ဟု နိုင်ငံတကာမီဒီယာများတွင် ရေးသားဖော်ပြခဲ့ကြကြောင်း၊ မြောက်ကိုရီးယား၏လုပ်ရပ်သည် ကမ္ဘာ့နိုင်ငံများအား ဓာတုလက်နက်ပြဿနာနှင့်ပတ်သက်၍ သတိပေးလိုက်ခြင်းပင် ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ကုလသမဂ္ဂက ပိတ်ပင်တားမြစ်ထားသော လက်နက်များကို အသုံးပြု၍ မည်သူ့ကိုမဆို အချိန်မရွေး၊ နေရာမရွေး တိုက်ခိုက်မှုများပြုလုပ်နိုင်ဖွယ်ရှိကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ယင်းနိုင်ငံအား စုပေါင်းအပြစ်ပေးအရေးယူသည့်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်မှ ဆိုင်းငံ့ထားရန် လုပ်ဆောင်သင့်ကြောင်း ယွန်ဗျောင်စီက လက်နက်ဖျက်သိမ်းရေးဆွေးနွေးပွဲတွင် တင်ပြသည်။

မြောက်ကိုရီးယားနိုင်ငံသည် ယွန်ဗျောင်စီ၏ မှတ်ချက်စကားနှင့်ပတ်သက်၍ စက်ဆုပ်ဖွယ်ရာကောင်းလှပြီး မလိုတမာစိတ်ဖြင့် ပြောဆိုခြင်းအဖြစ် ပြန်လည်တုံ့ပြန်ခဲ့သည်။

ကင်ဂျုံနမ်သည် ပြည်ပြေးတစ်ဦးအဖြစ် တရုတ်နိုင်ငံ မကာအိုကျွန်းတွင် နေထိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် ဖေဖော်ဝါရီ ၁၃ ရက်က မလေးရှားနိုင်ငံ မြို့တော် ကွာလာလမ်ပူရှိ နိုင်ငံတကာလေဆိပ်တွင် ဗွီအိပ်က်စ်ဓာတုလက်နက်အဆိပ်ရည်ဖြင့် ပက်ဖျန်းခံရကာသေဆုံးခဲ့ရသည်။ ယင်းလုပ်ကြံသတ်ဖြတ်မှုနှင့် ပတ်သက်၍ မလေးရှားနိုင်ငံတွင် ဗီယက်နမ်လူမျိုး အမျိုးသမီးတစ်ဦး၊ အင်ဒိုနီးရှားလူမျိုး အမျိုးသမီးတစ်ဦးတို့ကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် လူသတ်မှုဖြင့် စွဲချက်တင်လိုက်ပြီဖြစ်သည်။ **ရိုက်တာ။**

# သမ္မတ ပတ်ဂွန်ဟေး၏ အရှုပ်တော်ပုံနှင့်ပတ်သက်ပြီး မတ်လအစောပိုင်းတွင် စီရင်ချက်ချမှတ်မည်

**ဆိုးလ် မတ် ၁**

အရှုပ်တော်ပုံနှင့်ပတ်သက်ပြီး တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးအား အခြေခံဥပဒေဆိုင်ရာတရားရုံးက မတ်လအစောပိုင်းတွင် အပြီးသတ်တရားစီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဖေဖော်ဝါရီ ၂၇ ရက်တွင် သမ္မတပတ်ဂွန်ဟေး၏ အရှုပ်တော်ပုံနှင့် ပတ်သက်ပြီး တရားရုံးက နောက်ဆုံးအကြိမ် ရုံးထိုင်ကြားနာစစ်ဆေးမှုကို စတင်ခဲ့သည်။ မတ် ၁ ရက်တွင် သမ္မတပတ်ဂွန်ဟေးအား ထောက်ခံသူများနှင့် ဆန့်ကျင်သူများသည် ဆိုးလ်မြို့တော်ရှိ လမ်းမများပေါ်တွင် သီးခြားဆန္ဒထုတ်ဖော်ခဲ့ကြသည်။



အရှုပ်တော်ပုံနှင့်ပတ်သက်ပြီး သမ္မတပတ်အား စစ်ဆေးပြီးနောက် အချိန်ဆိုင်းငံ့မှုမရှိစေဘဲ ဖမ်းဆီးသင့်သည်ဟု သမ္မတပတ်ဂွန်ဟေးအား ဆန့်ကျင်သူများက ဟစ်ကြွေးခဲ့ကြသည်။ သမ္မတပတ်အနေဖြင့် ၎င်း၏မိတ်ဆွေအား အစိုးရတစ်ရပ်လုံးကို ဩဇာလွှမ်းမိုးခွင့် ပြုထားခြင်းသည် သမ္မတတစ်ဦး၏ တာဝန်ဝတ္တရားပျက်ကွက်ခြင်းပင်ဖြစ်သည်ဟု အသက်(၂၀)အရွယ်ရှိ ဆန္ဒထုတ်ဖော်သူတစ်ဦးကဆိုသည်။

သမ္မတပတ်အား ထောက်ခံဆန္ဒထုတ်ဖော်သူများတွင် သက်ကြီး၊ ရွယ်ကြီး အများစု တက်ရောက်ကြကြောင်း သိရသည်။ သမ္မတပတ်သည် မည်သည့်အခါမျှ ကိုယ်ကျိုးအတွက် ရှေ့တန်းမတင်ဘဲ ပြည်သူ့အကျိုးကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်းနှင့် သမ္မတပတ်အား ၎င်း၏မိတ်ဆွေ၏ ကြိုးရာပါတစ်ဦးအဖြစ် ထင်မှတ်ခြင်းသည် မှားယွင်းသော ထင်မြင်ချက်ပင်ဖြစ်သည်ဟု သမ္မတပတ်အား လိုလားသူတစ်ဦးက ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံက နျူဒုံးကျည်များ စမ်းသပ်ပစ်ခတ်နေချိန်တွင် တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် မယိမ်းယိုင်သင့်ကြောင်း အသက် (၈၀) အရွယ်အဖိုးအို တစ်ဦးက ဆိုသည်။

လက်ရှိအခြေအနေတွင် သမ္မတပတ်အား တရားရုံးက ပြစ်မှုထင်ရှားကြောင်း တရားစီရင်ချက် ချမှတ်မည်ဆိုပါက ရက်ပေါင်း ၆၀ အတွင်း သမ္မတရွေးကောက်ပွဲကျင်းပရမည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

# လိုင်စင်မရှိသည့် မော်တော်ယာဉ်များကို လိုင်စင်ရရှိအောင် လျှော့ပေါ့စဉ်းစားဆောင်ရွက်ပေးနိုင်ခြင်းမရှိ

**နေပြည်တော် မတ် ၁**

လိုင်စင်မရှိသည့် မော်တော်ယာဉ်များကို ယာဉ်ကာလတန်ဖိုး၏ ၈၅ ရာခိုင်နှုန်း ပေးဆောင်စေပြီး တရားဝင်ယာဉ်အဖြစ် မှတ်ပုံတင်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးခဲ့ခြင်းမှာ ထိုအချိန်က မော်တော်ယာဉ်တင်သွင်းခြင်းများကို ကန့်သတ်ထားခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောကြားသည်။



ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏မူနှင့် အခြေခံသဘောဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့တွင် လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ ဆွေးနွေးအဆိုပြုချက်အပေါ် ဒုတိယဝန်ကြီးက ထိုသို့ပြန်လည်ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ယာဉ်အိုယာဉ်ဟောင်းအပ်နှံခြင်း ယာဉ်တင်သွင်းခွင့်ပြုသည့် အစီအစဉ်နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ယာဉ်တင်သွင်းခွင့်ပြုသည့်အစီအစဉ်ကို ဖြေလျှော့ခဲ့ပြီးဖြစ်သဖြင့် လက်ရှိအခြေအနေတွင် တရားမဝင် လိုင်စင်မဲ့ယာဉ်များကို တရားဝင်လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးမည်ဆိုပါက တရားဝင်တင်သွင်းလာသော ယာဉ်ပိုင်ရှင်များမှာ နစ်နာမှုရှိသဖြင့် မကျေနပ်ခြင်းများကြောင့် မလိုလားအပ်သောပြဿနာများဖြစ်ပေါ်လာနိုင်ပါကြောင်း၊ တရားမဝင် တင်သွင်းမှုကိုအားပေးရာရောက်စေမည်ဖြစ်ခြင်း စသည်တို့ကြောင့် လိုင်စင်မရှိသည့် မော်တော်ယာဉ်များကို လိုင်စင်များရရှိအောင် လျှော့ပေါ့စဉ်းစားပြီး ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း။

တရားမဝင် လိုင်စင်မဲ့ယာဉ်များကို ပူးပေါင်းအဖွဲ့ဖွဲ့စည်းပြီး တားမြစ်ပိတ်ဆို့ဖမ်းဆီးခြင်းတို့ကို စနစ်တကျဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မော်တော်ယာဉ်ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံခြင်း အစီအစဉ်များနှင့် နိုင်ငံရပ်ခြားမှ မော်တော်ယာဉ်များ တင်သွင်းခြင်းကိစ္စများကို မူဝါဒ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ ထည့်သွင်းသင့်ပါကြောင်း၊ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ လုပ်ငန်းကြီးကြပ်ရေးကော်မတီမှ မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဒဂုံဆိပ်ကမ်းမြို့နယ်... ဒဂုံဆိပ်ကမ်း

ထို့ပြင် ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၄) မှ ဦးကျော်ကျော်တို့၏ ဆွေးနွေးအဆိုပြုချက်များနှင့် စပ်လျဉ်း၍ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့သင်္ဘောကျင်း လုပ်ငန်းနှင့် ဗီယက်နမ်နိုင်ငံ Dong A Shipbuilding Industry JSC တို့ ပူးပေါင်း၍ ကော်မရှင်ခွင့်ပြုမိန့်ဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဒလသင်္ဘောကျင်းကို အဆင့်မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် White List တွင် မြန်မာနိုင်ငံပါဝင်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် SRPS လိုင်စင်ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သောအမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ ဆောင်ရွက်ပေးလျက်ရှိရာ လိုင်စင်ရကုမ္ပဏီ ၁၅၈ ခုမှတစ်ဆင့် မြန်မာ့သင်္ဘောသားများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံ ၂၇ နိုင်ငံနှင့် စာချုပ်ချုပ်ဆိုထားပြီး သင်္ဘောသားများ၏ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာသင်္ဘောသားများ အရည်အသွေးမြင့်မားစေရေးအတွက် ရေကြောင်းဘက်ဆိုင်ရာ သင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်စေလျက်ရှိကြောင်း ရှင်းလင်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မြောက်ဦးလေယာဉ်ကွင်း တည်ဆောက်ရေး စီမံကိန်းဆောင်ရွက်ရန် ရခိုင်ပြည်နယ်အစိုးရက တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ရာ နည်းပညာပိုင်းဆိုင်ရာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မြောက်ဦးလေယာဉ်ကွင်းစီမံကိန်းများ ဆက်လက်ဆောင်ရွက်မည်ဆိုပါက လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်ရမည်ဆိုပါက ရန်ပုံငွေရရှိမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းသည်။

ထို့ပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏မူနှင့် အခြေခံသဘောဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးတင်ထွဋ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း နောက်ဆက်တွဲ - ၂ ပါ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် ဖြန့်ဝေခဲ့သည့် ပြင်ဆင်ချက်ဇယား၌ ဌာန/အဖွဲ့အစည်းများ၏ လျှော့ချမည့် စီမံကိန်းလုပ်ငန်းများကို အသေးစိတ်ဖော်ပြထားပြီးဖြစ်သည့်အတွက် တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်း တစ်ခုချင်းစီ၏ စီမံကိန်းလုပ်ငန်းကဏ္ဍများအလိုက် စုစည်း၍ စီမံကိန်းတန်ဖိုးများ လျှော့ချခြင်းနှင့် ငြင်းပယ်ခြင်းတို့ကို တစ်ပေါင်းတည်း အဆုံးအဖြတ်ရယူသွားမည်ဖြစ်ကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆုံးအဖြတ်ရယူခြင်း၊ ဥပဒေကြမ်းတစ်ရပ်လုံး အတည်ပြုခြင်းအစီအစဉ်ကို လာမည့်အပတ်အတွင်း ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရန် လျာထားကြောင်း အသိပေးကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး နဝမနေ့တွင် ဖတ်ကြားတင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းအပေါ် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းပေးပို့ထားခြင်း မရှိသည့်အတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်ကို အခြေခံ၍ လွှတ်တော်၏အဆုံးအဖြတ်ကို ရယူသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်နှစ်ရပ်၏အတည်ပြုချက်နှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏သဘောထားမှတ်ချက်တို့ပါဝင်သည့် ပြင်ဆင်ချက်ဇယားကို ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပါကြောင်း၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ဥပဒေကြမ်းအပိုဒ် (၅)၊ အပိုဒ်ခွဲ (က)၊ အပိုဒ်(၇)၊ အပိုဒ်(၈)ခြေဆင်းနှင့် အပိုဒ်ခွဲ (ဂ)တို့မှစ၍ ပြင်ဆင်ချက်ဇယားအမှတ်စဉ်အလိုက်အဆိုပြု တင်ပြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဒေါက်တာမြတ်ညဏစိုးက လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်း အပါအဝင် ပြန်လည်ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို မတ် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**မင်းမင်းဇော် (သတင်းစဉ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အသိပေးနှိုးဆော်စာ

**နေပြည်တော် မတ် ၁**

၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၇၇ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ၎င်းတို့အမည်စာရင်းတင်သွင်းခဲ့ကြသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်း ပုံစံ(၂၀)ဖြင့် တင်သွင်းကြရမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းများအား သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါ သတ်မှတ်ထားသောအချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းနိုင်ရန်အတွက် အသုံးစရိတ်စာရင်းများနှင့် ပြေစာများအား စနစ်တကျပြုစုထားရှိရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## Forum of Federations ကိုယ်စားလှယ်အဖွဲ့နှင့် ကာတာနိုင်ငံခြားရေးဝန်ကြီး၏အထူးကိုယ်စားလှယ်တို့အား သူရဦးရွှေမန်း သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် Forum of Federations မှ ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ ကာတာနိုင်ငံခြားရေးဝန်ကြီး၏ အထူးကိုယ်စားလှယ် H.E. DrMutlaq M. Al-Qahtani**(ယာပုံ)** အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာအဆောင် အမှတ် (I-1) ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။



Forum of Federations ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် ဖက်ဒရယ်စနစ် အကောင်အထည်ဖော် ကျင့်သုံးမှုနှင့် ပတ်သက်၍ အတွေ့အကြုံများနှင့် ယှဉ်ကာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# စားနပ် ရိက္ခာဖူလုံရေး တောင်သူလယ်သမားကြီးများဘဝမြှင့်တင်ပေး

ဖိုးအေး

*မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်းတွင် မြန်မာပြည်သူတို့၏ မျိုးချစ်စိတ်ဓာတ်ကို ထိရောက်ထက်မြက်စွာ စည်းရုံးလှုံ့ဆော်နိုင်ခဲ့သော နိုင်ငံရေးအဖွဲ့ အစည်းကြီးတစ်ခု ပေါ်ပေါက်ခဲ့သည်။ ထိုအဖွဲ့ အစည်းကြီးမှာ "တို့ဗမာအစည်းအရုံး"ဖြစ်သည်။ တို့ဗမာအစည်းအရုံးကို သခင်ဘသောင်းက စတင်ထူထောင်ခဲ့သည်။*



ကိုလိုနီစနစ်ဆိုးကို တိုက်ဖျက်ရန်
အင်္ဂလိပ်အစိုးရအား တော်လှန်ပုန်ကန်ခဲ့သူ
ဂဠုန်ဆရာစံ

တို့ဗမာအစည်းအရုံး၏ဝါဒမှာ အမျိုးသားရေးဝါဒဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်၊ မေ ၃၀ ရက်တွင် နိုင်ငံပြုစာစုအမှတ် (၁)ကြေညာ စာတမ်းကို တို့ဗမာအစည်းအရုံးက ထုတ်ဝေလိုက်သည်။ ထိုစာတမ်းအစတွင်-

ဗမာပြည်သည် တို့ပြည်
ဗမာစာသည် တို့စာ
ဗမာစကားသည် တို့စကား
တို့ပြည်ကိုချစ်ပါ
တို့စာကို ချီးမြှင့်ပါ
တို့စကားကို လေးစားပါ
ဟု နိဒါန်းပျိုးထားသည်။

နိုင်ငံပြုစာစုအမှတ် (၂) တွင် နိုးကြားရေးစာတမ်းရှစ်စောင်ကို ထုတ်ဝေဖြန့်ချိခဲ့သည်။ ထိုစာတမ်းတို့သည် "ထလော့ ဗမာအိုဗမာတို့" ဟူ၍ ကြွေးကြော်လိုက်ဘိသကဲ့သို့ ရှိသည်။

တို့ဗမာအစည်းအရုံးနှင့်အတူ တို့ဗမာသီချင်းသည်လည်း ပေါ်ပေါက်လာသည်။ တို့ဗမာသီချင်း၏ တီးလုံးတီးကွက်များကို ဝိုင်အမ်ဘီအေ ဆရာတင်က တီထွင်သည်။ တို့ဗမာသီချင်းကို ဝိုင်အမ်ဘီအေ ဆရာတင်က ရေးစပ်ပြီးသည့်အခါ သခင်များက ဝိုင်းဝေဖန်ပြီး ပိုကောင်းအောင်ပြုပြင်ကြသည်။ တို့ဗမာသီချင်းထဲတွင် ပါသည့် အမျိုးသားချစ်ခင်ရေး သဘော၊ နိုင်ငံရေးသဘော၊ တစ်မျိုးသားလုံးကျင့်ကြံရေးသဘော စသည့် အယူအဆအတွေးအခေါ်များကို သခင်ဘသောင်းက ကြံစည်စိတ်ကူးပေးသည်။ဤတို့ဗမာသီချင်းကို ၁၉၃၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက် ညတွင် ရန်ကုန်တက္ကသိုလ်သထုံဆောင် သဟာယနှင့် စာဖတ်ခန်းတွင် ပထမဆုံးအကြိမ် သီဆိုကြသည်။

တို့ဗမာအစည်းအရုံးဖွဲ့စည်းပြီးနောက် သခင်ဘသောင်း၏ စည်းရုံးလှုံ့ဆော်မှုကြောင့် တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်သူအများအပြားရှိလာခဲ့သည်။ နောင်တစ်ချိန်တွင် မြန်မာနိုင်ငံရေးနယ်ပယ်၌ သခင်သိန်းဖေ(မြင့်)၊ သခင်သန်းထွန်း၊ သခင်အောင်ဆန်း၊ သခင်ဗဟိန်းစသည့် သခင်အားလုံးပင် တို့ဗမာအစည်းအရုံးသို့ဝင်ရောက်ခဲ့ကြသည်။ သခင်ကိုယ်တော်မှိုင်းကဲ့သို့ မျိုးချစ်စာဆိုကြီးသည်ပင် တို့ဗမာအစည်းအရုံးဝင်၍ သခင်ဘွဲ့ခံယူပြီး အစည်းအရုံး၏ နာယကကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

တို့ဗမာအစည်းအရုံး တည်ထောင်ပြီးနောက် ခုနစ်လအကြာ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် တို့ဗမာအစည်းအရုံးအဖွဲ့ဝင် ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားတို့၏ လက်နက်ကိုင် တော်လှန်ရေးကြီးသည် သာယာဝတီခရိုင်မှ စတင်ပေါ်ပေါက်လာခဲ့လေသည်။ တောင်သူလယ်သမားတို့၏ ပုန်ကန်ထကြွမှုပေါ်ပေါက်လာရခြင်းမှာ ထိုအချိန်ကာလ (၁၉၂၉-၁၉၃၀) တွင် ကမ္ဘာ့စီးပွားရေးကပ်ကြီး ဖြစ်ပေါ်ခဲ့ရာ ယင်းကမ္ဘာ့စီးပွားရေးပျက်ကပ်မှာ မြန်မာနိုင်ငံသို့လည်း ရိုက်ခတ်လာခဲ့သည်။ မြန်မာပြည်တွင်းရှိ ဆန်စပါးဈေးများ နိမ့်ကျလာခဲ့ရာ လယ်သမားများ၏ စီးပွားရေးများစွာ ကျပ်တည်းထိခိုက်ခဲ့ရသည်။

ထိုအချိန်တွင် အင်္ဂလိပ်အစိုးရက အခွန်တော်များကို အတင်းအဓမ္မ ကောက်ခံလျက်ရှိလေသည်။ ဝံသာနုအသင်းများ၏ လှုံ့ဆော်စည်းရုံးမှုကြောင့် အချို့ခရိုင်များတွင် အခွန်များမပေးကြတော့။ ငြင်းဆန်ကြသည်။ ထို့ကြောင့် အစိုးရသည် နယ်ပုလိပ်၊ စစ်ပုလိပ်တို့၏ အကူအညီဖြင့် ရိုက်နှက်ညှဉ်းပန်းကြလေသည်။

ပစ္စည်းဥစ္စာများကို သိမ်းယူကြသည်။ အချို့ ဖျက်ဆီးကြသည်။ ထိုအဖြစ်အပျက်များကို သိရှိသဖြင့် ဦးစိုးသိန်း(ဂျီ၊ စီ၊ ဘီ၊ အေ အလုပ်အမှုဆောင်အဖွဲ့ဝင်)သည် အမှုဆောင်တစ်ဦးဖြစ်သူ ဆရာစံအား မြန်မာပြည်အရပ်ရပ်တွင် ဖြစ်ပွားလျက်ရှိသော လူခွန်နှင့် သဿမေခွန် ပြဿနာ၊ လယ်ယာကြွေးမြီများပြဿနာ၊ လွတ်လပ်စွာ သစ်ဝါးခုတ်ခွင့် ပိတ်ပင်မှုပြဿနာများနှင့် စပ်လျဉ်း၍ လူထုတစ်ရပ်လုံး၏ နစ်နာချက်များကို လေ့လာပြီး ဂျီစီဘီအေကောင်စီချုပ်သို့ အစီရင်ခံရန် တာဝန်ပေးအပ်ခဲ့လေသည်။

တာဝန်ပေးချက်အရ ဆရာစံသည် မြို့နယ်၊ ကျေးရွာများသို့ လှည့်လည်စုံစမ်းလေ့လာသည်။ ထိုသို့ လေ့လာပြီးနောက် ဗဟိုဌာနချုပ်သို့ အောက်ပါအချက်အလက်များ ပါဝင်သော အကြံပေးအစီရင်ခံစာတစ်စောင်ကို တင်သွင်းလေသည်။

(၁) လူခွန်နှင့်သဿမေခွန်များ အတင်းအကျပ်ကောက်ခံမှုကို တညီတညွတ်တည်း ခုခံကာကွယ်ရန်၊

(၂) လယ်သမားတစ်အိမ်ထောင်သုံး ဝါးနှင့် သစ်များ အခမဲ့ ခုတ်ယူသုံးစွဲခွင့်ပြုရန်၊ ဤသို့ မပြုလုပ်ရဟု ပိတ်ပင်ထားသည့် သစ်တောဥပဒေများကို အကြမ်းမဖက် ခုခံတိုက်ဖျက်ရန် စသော အချက်များ ပါဝင်လေသည်။

သို့သော် ဌာနချုပ်က ဆရာစံ၏ အကြံပေးချက်ကို လက်မခံခဲ့။ ထို့ကြောင့် ဆရာစံသည် အင်္ဂလိပ်အစိုးရအား အကြမ်းဖက်ခုခံရန် လျှို့ဝှက်စွာ ပြင်ဆင်ခဲ့လေသည်။

ဤသို့ဖြင့် သာယာဝတီခရိုင် ဖားရွှေကျော်ကျေးရွာတွင် ၁၉၃၀ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှစ၍ လယ်သမားတို့၏ လက်နက်ကိုင်ပုန်ကန်မှုတိုက်ပွဲများ ပေါ်ပေါက်ခဲ့သည်။ သာယာဝတီခရိုင်မှ စတင်ခဲ့သော ထကြွပုန်ကန်မှုများသည် မြန်မာပြည်ခရိုင်အသီးသီးသို့ ပျံ့နှံ့ကူးစက်သွားသည်။ ဖျာပုံခရိုင်၊ ဟင်္သာတခရိုင်၊ အင်းစိန်ခရိုင်၊ ပဲခူးခရိုင်၊ ပြည်ခရိုင်၊ သရက်ခရိုင်စသည့် အရပ်ဒေသများတွင် တောင်သူလယ်သမားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးလက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ လယ်သမားခေါင်းဆောင် ဆရာစံသည် သာယာဝတီမှ ပြည်၊ မြင်းခြံနှင့် မန္တလေးတို့မှတစ်ဆင့် ရှမ်းပြည်နယ်နောင်ချိုသို့ ရောက်ရှိခိုအောင်းနေခဲ့သည်။ မြန်မာတစ်ပြည်လုံးတွင် လယ်သမား ပုန်ကန်ထကြွမှုများကို အင်္ဂလိပ်အစိုးရက အပြင်းအထန်နှိပ်ကွပ်ဖြိုခွင်းလျက်ရှိသည်။ ၁၉၃၁ ခုနှစ် ဩဂုတ် ၂ ရက်တွင် ရှမ်းပြည်နယ် နောင်ဒွန်းရွာ၌ ဆရာစံကို ဖမ်းဆီးရမိသွားခဲ့သည်။ မြန်မာပြည် အနယ်နယ်အရပ်ရပ်ရှိတောင်သူလယ်သမား တော်လှန်ပုန်ကန်မှု ခေါင်းဆောင်အများအပြား ဖမ်းဆီးခံကြရသည်။ ထိုသို့ ဖမ်းဆီးကာ ခုံရုံးတင်၍ အမှုစစ်ဆေးခံကြရသည်။ ခေါင်းဆောင်များသည် သေဒဏ်ချမှတ်ခံကြရသည်။ အချို့ခေါင်းဆောင်များကို တစ်သက်တစ်ကျွန်းထောင်ဒဏ်ချမှတ်ခံကြရသည်။ ဆရာစံသည် ၁၉၃၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက် နံနက်တွင် သာယာဝတီထောင်၌ ကြိုးပေးခံခဲ့ရသည်။

ဤသို့လျှင် မြန်မာနိုင်ငံ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများတွင် ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားတို့သည် အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် ပါဝင်လှုပ်ရှားခဲ့သည်ကို တွေ့ရသည်။

၁၈၂၄ ခုနှစ်မတိုင်ခင် နှစ်အတော်ကြာကပင် ဥရောပ၌ သိပ္ပံပညာများထွန်းကားနေပြီဖြစ်သည်။ အကျိုးပြုသိပ္ပံပညာများပွားစီးခဲ့ဘိသို့ လူသတ်လက်နက်ဖြစ်သည့် သေနတ်၊ အမြောက်များကို တီထွင်ဖန်တီးတတ်ကြသည်။ သေနတ်၊ အမြောက်၊ သင်္ဘော၊ နိုင်ငံရေးနည်းဗျူဟာနှင့် လောဘစိတ်တို့သည် နယ်ချဲ့လုပ်ငန်းကို အားပေးသည်။ လက်နက်အားကိုးဖြင့် အရှေ့တောင်အာရှတိုင်းပြည်များကို သိမ်းပိုက်ကြသည်။ လက်နက်အားကိုးဖြင့် အာဏာရှင်လုပ်ကြသည်။ အရင်းစစ်လျှင် လောဘသည် အခြေခံဖြစ်သည်။ မတရားသောလမ်းကြောင်းဖြစ်သည်။ တိုင်းပြည်ကိုလက်နက်အားကိုးဖြင့် သိမ်းပိုက်သည်။ လက်နက်အားကိုးဖြင့် မြန်မာပြည်သူတို့ကို နည်းမျိုးစုံဖြင့် မလှုန်နိုင်အောင် နှိပ်စက်သည်။ ဤသည်တို့ကို မခံမရပ်နိုင်သော မျိုးချစ်သူရဲကောင်းတို့သည် အသက်ကိုစွန့်၍ အမျိုးသားလွတ်မြောက်ရေးအတွက် ပြန်လှန်တိုက်ပွဲဝင်ခဲ့ကြရသည်။ ဤတောင်သူလယ်သမားအရေးတော်ပုံသည် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ပါဝင်ခြင်းဖြစ်သည်ဟု မဆိုသင့်။ ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်သည်ဟု ပြောရမည်ဖြစ်သည်။ ထိုသို့ သမိုင်းထင်ရှားရှိခဲ့သော တောင်သူလယ်သမားတို့၏ဘဝကို ကြည့်လျှင် တောင်သူလယ်သမားတို့သည် မြန်မာပြည်သူတို့၏ ဝမ်းစာအတွက် စိုက်ပျိုးရေးလုပ်ငန်းကို တစိုက်မတ်မတ် ဆင်းရဲပင်ပန်းကြီးစွာ နွားနှင့်ဖက်၍ လုပ်ကိုင်ပေးနေကြသော သူများဖြစ်သည်ကို တကယ်သိရှိထားရန်လိုသည်။ သိလည်းသိကြသည်။ နိုင်ငံရေးအစဉ်အလာနှင့် စီးပွားရေးအချက်အချာကျသော လူထုလူတန်းစားဖြစ်သည့်အလျောက် ဂုဏ်ပြုသောအားဖြင့် **'တောင်သူလယ်သမားနေ့'** ဟူ၍ သတ်မှတ်ပေးထားခြင်းဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးစရိတ်အရင်းအနှီးများတိုးတက်ရရှိအောင်ဆောင်ရွက်ပေးနေသည်။ မျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနေသည်။ သမားရိုးကျစိုက်နည်းစနစ်များအစား ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားအောင်ဆောင်ရွက်ပေးနေသည်။ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းပေးနေသည်။ မိုးရေကိုသာမျှော်ကိုးပြီး စိုက်ပျိုးကြသည့်အခြေအနေမျိုးမှ တစ်နှစ်လုံးစိုက်ပျိုးနိုင်ရန် လယ်မြေများကို မြစ်ရေတင်စီမံကိန်း၊ ဆည်တာတမံစီမံကိန်းများဖြင့် ဆောင်ရွက်ပေးနေသည်။ ခေတ်မီအဆင့်မြင့်စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးလုပ်ငန်းများကို အုတ်မြစ်ချ ဖော်ဆောင်ပေးနိုင်ခဲ့သည်။

တောင်သူလယ်သမားများ၏ လယ်ယာထွက်ကုန်များ ဈေးနှုန်းခိုင်မာရန် လိုသကဲ့သို့ ဤသို့ဈေးနှုန်းခိုင်မာစွာဖြင့် ပြည်တွင်းပြည်ပ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရန်လည်း လိုပါသည်။ ဤသို့ရောင်းချနိုင်အောင် အခြေခံလိုအပ်ချက်ဖြစ်သော လယ်ယာထွက်ကုန် လက်ကားဈေးကြီးများ ပုဂ္ဂလိကအခန်းကဏ္ဍမှ အကောင်အထည်ဖော်နိုင်အောင် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ချီတက်ရာတွင် များစွာအကောင်အကူပြုသော တောင်သူလယ်သမားကဏ္ဍရုပ်သံလွှင့် (FARMER CHANNEL PROGRAMME) အစီအစဉ်များကိုလည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ နေ့စဉ် နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ တောင်သူလယ်သမားကြီးများသို့ အဓိက ဦးတည်ထုတ်လွှင့်ပေးလျက်ရှိသည်။

ယနေ့ကမ္ဘာ့လူဦးရေသည် သန်း ၇၀၀၀ ခန့်ရှိလာပြီဖြစ်သည်။ ၂၀၅၀ ပြည့်နှစ်တွင် သန်း ၉၀၀၀ (ကိုးထောင်) ရှိလာမည်။ ထိုလူဦးရေအတွက် အစာရေစာ ပိုမိုထုတ်လုပ်ရန် လိုအပ်နေပါပြီ။

ထို့ကြောင့် တောင်သူလယ်သမားကြီးများသည် စားနပ်ရိက္ခာဖူလုံရေးအတွက် လုပ်ဆောင်ရာတွင် အဓိကကျသည်ဟု ရှုမြင်ပါသည်။ စားဝတ်နေရေးတွင် စားရေးအတွက် အားကိုးရသော လုပ်သားကြီးများဖြစ်သည်။ မရှိမဖြစ်လိုအပ်နေသော လုပ်သားကြီးများဖြစ်ပါသောကြောင့် ထိုလုပ်သားကြီးများဖြစ်ကြသည့် တောင်သူလယ်သမားကြီးများ စီးပွားရေးပြေပြေလည်လည်နှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ယခုကျရောက်သော တောင်သူလယ်သမားနေ့အခါသမယ၌ ဆုမွန်ကောင်းတောင်းလိုက် ရပေသတည်း။ ။

**တောင်သူလယ်သမားများ၏ လယ်ယာထွက်ကုန်များ ဈေးနှုန်းခိုင်မာရန် လိုသကဲ့သို့ ဤသို့ ဈေးနှုန်းခိုင်မာစွာဖြင့် ပြည်တွင်းပြည်ပ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရန်လည်းလို။ ယနေ့ကမ္ဘာ့လူဦးရေသည် သန်း ၇၀၀၀ ခန့်ရှိလာပြီဖြစ်သည်။ ၂၀၅၀ ပြည့်နှစ်တွင် သန်း ၉၀၀၀ (ကိုးထောင်) ရှိလာမည်။ ထိုလူဦးရေအတွက် အစာရေစာ ပိုမိုထုတ်လုပ်ရန် လိုအပ်နေပါပြီ။**

# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃။)**
**၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်**
**(၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေ ပုဒ်မ ၁ တွင်-
(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -
"(ခ) ဤဥပဒေသည် ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသော စာမေးပွဲများ ကျင်းပစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်အားလုံးနှင့် အကျုံးဝင်စေရမည်။"
(ခ) ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

၃။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေပုဒ်မ ၂ တွင်-
(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -
"(က) **စာမေးပွဲ** ဆိုသည်မှာ အခြေခံပညာရေးအဆင့် သင်ကြားမှုပြီးဆုံးသည့်အခါ ဤဥပဒေအရ စာစစ်အဖွဲ့က စစ်ဆေးသော စာမေးပွဲကိုသော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အဆိုပါစာစစ်အဖွဲ့သို့ သီးခြားတာဝန်လွှဲအပ်၍ စစ်ဆေးစေသော အခြားစာမေးပွဲကိုသော်လည်းကောင်း ဆိုသည်။"
(ခ) ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -
"(ခ) **စာစစ်အဖွဲ့** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၃ အရ ဖွဲ့စည်းထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စာစစ်အဖွဲ့ကို ဆိုသည်။"
(ဂ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -
"(ဃ) **သင်ရိုးမာတိကာ** ဆိုသည်မှာ စာစစ်အဖွဲ့က ကျင်းပစစ်ဆေးမည့် စာမေးပွဲများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှ ရေးဆွဲပြဋ္ဌာန်းထားသော ဘာသာရပ်များ၏ သင်ခန်းစာ အသေးစိတ် အစီအစဉ်ကိုဆိုသည်။"
(ဃ) ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ်(၄)၏နောက်တွင် ပုဒ်မခွဲငယ်(၅)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"(၅) ခွင့်ပြုချက်မရရှိဘဲ နည်းပညာတစ်ခုခု၏ အထောက်အကူကိုရယူ၍ ဖြေဆိုခြင်း၊"
(င) ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၅) ကို ပုဒ်မခွဲငယ် (၆) အဖြစ်ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးရမည်-
"(၆) လူအစားထိုး၍ ဖြေဆိုခြင်း၊"
(စ) ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၆) ကို ပုဒ်မခွဲငယ် (၇) အဖြစ်ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးရမည်-
"(၇) မိမိ၏ အဖြေလွှာကို သက်ဆိုင်ရာ တာဝန်ရှိသူသို့ မပေးအပ်ဘဲ စာမေးပွဲခန်းပြင်ပသို့ ယူသွားခြင်း၊"
(ဆ) ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၇)၊ (၈)၊ (၉) နှင့် (၁၀) တို့ကို ပုဒ်မခွဲငယ် (၈)၊ (၉)၊ (၁၀) နှင့် (၁၁) တို့အဖြစ် ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးရမည် -
"(၈) အဖြေလွှာကို စာမေးပွဲဖြေဆိုနေစဉ်အတွင်း ပြင်ပအကူအညီဖြင့် လဲလှယ်ခြင်း၊ ထပ်ဖြည့်ခြင်း သို့မဟုတ် စာမေးပွဲဖြေဆိုပြီးနောက် တစ်နည်းနည်းဖြင့် လဲလှယ်ခြင်း၊ ထပ်ဖြည့်ခြင်း၊"
(၉) အဖြေလွှာကိုဆုတ်ဖြဲခြင်း၊ စစ်ဆေး၍မရအောင် ပြုလုပ်ခြင်း၊ အဖြေလွှာပေါ်တွင် ညစ်ညမ်းစာ၊ ညစ်ညမ်းပုံ ရေးဆွဲထားခြင်းနှင့် အမှတ်အသားများ တမင်ပြုထားခြင်း၊
(၁၀) စာမေးပွဲခန်းစောင့်ကြပ်သူတစ်ဦးဦး၏ မတရားသောနည်းဖြင့် ပြပေးခြင်း၊ ပြောပေးခြင်း၊ အကူအညီပေးခြင်းကို ရယူဖြေဆိုခြင်း၊
(၁၁) မေးခွန်းကို စာမေးပွဲမတိုင်မီ ကြိုတင်၍ ရယူခြင်း၊"
(ဇ) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ် (၁၁) ၏ နောက်တွင် ပုဒ်မခွဲငယ် (၁၂)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -
"(၁၂) စာစစ်အဖွဲ့က မသမာသောနည်းဟု အခါအားလျော်စွာ သတ်မှတ်သည့် နည်းလမ်းဖြင့် ဖြေဆိုခြင်းတို့ကို ဆိုသည်။"

၄။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေ ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -
"၃။(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စာမေးပွဲများ ကျင်းပစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ရန်အတွက် စာစစ်အဖွဲ့ကို ဖွဲ့စည်းရမည်။
(ခ) စာစစ်အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည် -

| | | |
|---|---|---|
| (၁) | ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သူ | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ/အကဲဖြတ်) အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | အစိုးရခန့်ပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အတွင်းရေးမှူး |

(ဂ) စာစစ်အဖွဲ့တွင် ရာထူးအလျောက် အဖွဲ့ဝင်များမှတစ်ပါး၊ အခြားအဖွဲ့ဝင်များ၏ သက်တမ်းမှာ သုံးနှစ်ဖြစ်ရမည်။"

၅။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေပုဒ်မ ၄ တွင်-
(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -
"(က) ပြည်ထောင်စုအစိုးရအဖွဲ့က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများ၊ ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စာမေးပွဲလုပ်ငန်းများကို စီမံခန့်ခွဲရမည်။"
(ခ) ပုဒ်မခွဲ (က) ၏နောက်တွင် ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -
"(ခ) စာမေးပွဲလုပ်ငန်းအတွက် မေးခွန်းပြုစုခြင်း၊ အမှတ်ပေးစည်းမျဉ်းရေးဆွဲခြင်း၊ အဖြေလွှာစစ်ဆေးခြင်း၊ အမှတ်စာရင်းပြုစုခြင်းနှင့် အောင်စာရင်းထုတ်ပြန်ခြင်းတို့ကို သက်ဆိုင်ရာဘာသာရပ် ပညာရှင်များပါဝင်သော အဖွဲ့များ ဖွဲ့စည်းပြီး ဆောင်ရွက်ရမည်။"
(ဂ) ပုဒ်မခွဲ(ခ)နှင့် (ဂ) တို့ကို ပုဒ်မခွဲ (ဂ)နှင့် (ဃ) တို့အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ(ဃ)နှင့် (င) တို့ကို ပုဒ်မခွဲ (င) နှင့် (စ) တို့အဖြစ်လည်းကောင်း ပြန်လည်အမှတ်စဉ်ရမည်။
(ဃ) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဃ) ၌ပါရှိသော "အပိုဒ်(ခ)အရ"ဆိုသည့် စကားရပ်ကို "ပုဒ်မခွဲ(ဂ)အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(င) ပုဒ်မခွဲ (ဃ)ကို ပုဒ်မခွဲ(င)အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်-
"(င) ပြည်ထောင်စုအစိုးရ၏ ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ စာမေးပွဲ အသီးသီးအတွက် စာမေးပွဲဖြေဆိုခွင့်၊ စာမေးပွဲကျင်းပရန်၊ စာမေးပွဲဖြေဆိုသူများလိုက်နာရန်၊ စာမေးပွဲကြီးကြပ်သူများ လိုက်နာရန်၊ အောင်ရှုံးဆုံးဖြတ်နိုင်ရန် စသည်တို့နှင့်သက်ဆိုင်သော စည်းမျဉ်း၊ စည်းကမ်းများကို လိုအပ်သလို ရေးဆွဲ၍ ပြဋ္ဌာန်းရမည်။"
(စ) ပုဒ်မခွဲ (စ) ကို ပုဒ်မခွဲ (ဆ) ဟု ပြင်ဆင်ပြီး ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ် (၃)ကို အောက်ပါအတိုင်း အစားထိုးရမည် -
"(၃) ရငွေသုံးငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။"
(ဆ) ပုဒ်မခွဲ (ဆ) ကို ပုဒ်မခွဲ (ဇ) အဖြစ် ပြန်လည်အမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုးရမည် -
"(ဇ) စာမေးပွဲတစ်ခုခုတွင် -
(၁) မသမာသောနည်းဖြင့် ဖြေဆိုသူကို စာမေးပွဲဖြေဆိုခွင့်အား နှစ်ကာလ အပိုင်းအခြားသတ်မှတ်၍ ရပ်ဆိုင်းနိုင်သည်။
(၂) မသမာမှုပြုနေသည်ကို လျစ်လျူရှုသည့် သို့မဟုတ် တစ်နည်းနည်းဖြင့် အားပေးကူညီသည့် စာမေးပွဲကြီးကြပ်သူ သို့မဟုတ် စာမေးပွဲခန်း စောင့်ကြပ်သူအား အရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်။
(၃) အဖြေလွှာများ စစ်ဆေးရာတွင် မသမာသောသဘောဖြင့် အမှတ်များပိုမိုပေးခြင်း သို့မဟုတ် လျော့နည်းပေးခြင်း၊ အဖြေလွှာများတွင် ထပ်မံဖြည့်စွက်ဖြေဆိုပေးခြင်း စသော မတရားမှုများပြုသည့် သို့မဟုတ် ထိုသို့ပြုသည်ကို အားပေးကူညီသည့် သို့မဟုတ် ထိုသို့ပြုသည်ကို တွေ့ရှိသော်လည်း လျစ်လျူရှုသည့် အဖြေလွှာစစ်ဆေးရန် ကြီးကြပ်သူ သို့မဟုတ် စစ်ဆေးသူအား အရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်။
(၄) စာမေးပွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ပေးအပ်ခြင်းခံရသော ဝန်ထမ်းများ၏ တာဝန်ပေါ့လျော့မှု သို့မဟုတ် မမှန်မကန် လုပ်ဆောင်မှုများတွေ့ရှိရပါက အရေးယူရမည်။"

၆။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -
"၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -
(က) ပညာရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ပညာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။
(ဂ) မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၅/၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်**
**(၂၀၁၇ ခုနှစ်၊ မတ် ၁ ရက်)**

**မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးဇံကို မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါ်နုနုယဉ် | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (၂) ဒေါ်ခင်ချိုအုန်း | ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (၃) ဒေါ်မြင့်မြင့်ကြည် | ညွှန်ကြားရေးမှူးချုပ်၊ ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၄) ဒေါ်မေမာလာမောင်ကြီး | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးမူဝါဒရေးရာနှင့်<br>ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၅) ဒေါ်သီတာမျိုးအောင် | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေး<br>ဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၆) ဦးဝင်းသော် | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁**

မတ် ၁ ရက်တွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စတင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် လစဉ်ပျမ်းမျှစီးရေ ပို့ကုန်အစီး ၁၃၈၃၀၊ သွင်းကုန်အစီး ၁၃၀၈၀ ရှိပြီး ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် လစဉ်ပျမ်းမျှစီးရေ ပို့ကုန် ၄၁၆ စီးနှင့် သွင်းကုန် ၅၈၈၃ စီး ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၁၆ ရက်မှ စတင်၍ ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ ပြုပြင်တည်ဆောက်စဉ်ကာလအတွင်း သတင်းအရ တရားမဝင်ကုန်စည်များအား ဖော်ထုတ်စစ်ဆေးခဲ့ရာ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၇၅၅ ဒသမ ၅၇၃ သန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၆၇ ဒသမ ၈၆ သန်း ဖမ်းဆီးရရှိခဲ့ပြီး စုစုပေါင်းကျပ်သန်း ၈၂၃ ဒသမ ၄၃၃ သန်း ဖမ်းဆီးရရှိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် UNFC ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ



**နေပြည်တော် မတ် ၁**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် UNFC ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) အား ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN) အဖွဲ့ခေါင်းဆောင် ခူဦးရယ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)နှင့် အဆိုပြုချက် ၉ ချက်အပေါ် ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကိစ္စရပ်များအပါအဝင် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပတ်သက်၍ မူပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးဦးမင်းသူ၊ UNFC ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN)အဖွဲ့ခေါင်းဆောင် KNPP အတွင်းရေးမှူးခူဦးရယ်၊ ဒုတိယအဖွဲ့ခေါင်းဆောင်(၁) SSPP ဗဟိုကော်မတီဝင် ဦးစိုင်းထူး၊ အဖွဲ့ဝင်များဖြစ်သည့် NMSP ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာနိုင်ရွှေသိန်း၊ NMSP ဗဟိုကော်မတီဝင် နိုင်အောင်မငေး၊ ANCမှ ဦးမင်းထွန်း၊ WNO မှ တာ့ညီလူ၊ နည်းပညာအထောက်အကူပြုရုံးအဖွဲ့မှ နိုင်ဗညားမွန်၊ ခူတော်ရယ်၊ ကိုဆန်အောင်၊ နော်ချောစု၊ ခွန်နောင်မင်းဗညား၊ ကြာရှဲဘိုနှင့် စိုင်းအောင်သိုင်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကာတာနိုင်ငံနှင့်တရုတ်နိုင်ငံတို့မှ အထူးကိုယ်စားလှယ်များအား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ ကာတာနိုင်ငံခြားရေးဝန်ကြီး၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Dr. Mutlaq M. Al-Qahtani အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

**◯ ကျောဖုံးမှ**
ထီစာအုပ် ၂၈၈၆၉၉၉ အုပ်၊ ထီလက်မှတ်စောင်ရေပေါင်း ၃၁၇၅၆၉၈၉ စောင် ဖြန့်ဝေပေးပို့ထားပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ထီလက်မှတ်များအပြင် အရန်ထီလက်မှတ်များကိုလည်း ဆက်လက်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျပ် ၅၀၀ တန် ထီလက်မှတ် အက္ခရာ အလုံး (၃၀) ကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ အရန်ထီများကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသို့ ခွဲဝေပေးပို့ပြီးနောက် ထပ်မံဝယ်ယူလိုသူများ ရှိပါက ကျပ် ၅၀၀ တန် အရန်ထီလက်မှတ်စာအုပ်များကို အနည်းဆုံးအုပ်ရေ ၁၀၀ နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1) ဖြင့် အောင်ဘာလေသိန်းဆု ဌာနခွဲတည်ရှိရာ အမှတ် (၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့် ကျောက်တံတားမြို့နယ်တွင် မတ် ၃ ရက်မှ ၂၄ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျပ် ၅၀၀ တန် အောင်ဘာလေထီတွင် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း ၁၀၀၀၀ နှင့် ကျပ်သိန်း ၅၀၀၀၊ ကျပ်သိန်း ၁၀၀၀ ဆုများပါဝင်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ် ၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

အလားတူ ကျပ် ၂၀၀ တန် အောင်ဘာလေထီကိုလည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး လာမည့် (၃၃၉) ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေထီတွင် "က"အက္ခရာမှ "ဂ"အက္ခရာအထိ အက္ခရာ သုံးလုံးသာ ထုတ်ဝေရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကျပ် ၂၀၀ တန် အောင်ဘာလေထီလက်မှတ်၏ ဆုမဲများမှာ ယခင်ကဲ့သို့ပင် အမြင့်ဆုံးဆု ကျပ်သိန်း ၁၅၀၀ ဖြစ်ပြီး ကျပ်သိန်း ၁၀၀၀ ဆု မပါဝင်တော့ဘဲ ကျပ်သိန်း ၁၀၀ ဆု၊ ကျပ်သိန်း ၅၀ ဆုများ ပါဝင်မည်ဖြစ်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ်တစ်သိန်းဖြစ်ကြောင်း အောင်ဘာလေ သိန်းဆုဌာနခွဲမှ သိရသည်။

ယင်းအပြင် မတ် ၁ ရက်တွင် (၃၃၈) ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲတွင် ကျင်းပခဲ့ပြီး အဆိုပါ ထီဖွင့်ပွဲတွင် အက္ခရာ ၄၂ လုံး၊ ထီစာအုပ် ၃၄၃၆၃၅၆ ကို ရောင်းချနိုင်ခဲ့ပြီး ဆုကြီးတစ်ဆုချင်းစနစ်အရ ကျပ် သိန်း ၁၅၀၀ ဆု တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ ဆု နှစ်ဆု၊ ကျပ်သိန်း ၅၀၀ ဆု ငါးဆု၊ ကျပ်သိန်း ၃၀၀ ဆု ခြောက်ဆု၊ ကျပ်သိန်း ၂၀၀ ဆု ခုနစ်ဆု၊ ကျပ်သိန်း ၁၀၀ ဆု ၁၈ ဆု၊ ကျပ်သိန်း ၅၀ ဆု ၂၀ ၊ ကျပ်၂၅ သိန်းဆု ၂၀ ၊ ကျပ် ၁၀ သိန်းဆု ၂၇ ဆု၊ ကျပ် ၅ သိန်းဆု ၃၃ ဆု၊ ဝေဝေဆာဆာ ပဒေသာ ဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်း ငါးလုံးတူ ၁၀ ယူနစ်အတွက် ကျပ် ၃ သိန်းဆု ၁၀၀၊ အက္ခရာနှင့် ရှေ့ဂဏန်း လေးလုံးတူ ၁၀ ယူနစ်အတွက် ကျပ် ၂ သိန်းဆု ၁၀၀၀၊ အက္ခရာနှင့် ရှေ့ဂဏန်း သုံးလုံးတူ ၁၁ ယူနစ်အတွက် ကျပ် ၁ သိန်းဆု ၁၁၀၀၀ ၊ အက္ခရာနှင့် ရှေ့ဂဏန်း နှစ်လုံးတူ ၃ ယူနစ်အတွက် ကျပ် ၅ သောင်းဆု ၃၀၀၀၀ အပါအဝင် ဆုမဲပေါင်း ၄၂၂၃၉ ဆု ဖြစ်ကြောင်း သိရသည်။

ကျပ် ၅၀၀ တန် အောင်ဘာလေထီ စတင်ရောင်းချခြင်း မပြုမီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် ဖေဖော်ဝါရီ ၂၈ ရက်က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး ကျပ် ၅၀၀ တန် ထီလက်မှတ်များ ရောင်းချခြင်းနှင့် ပတ်သက်၍ ထီလက်မှတ်ပေါ်တွင် ရိုက်နှိပ်ထားသော မူရင်းထီလက်မှတ် တန်ဖိုးအတိုင်း ရောင်းချရန်နှင့် တန်ဖိုးအတိုင်း ရောင်းချခြင်းမပြုပါက ပဋိညာဉ်စာချုပ်ပါအတိုင်း ထီကိုယ်စားလှယ်အား အမည်ပျက်စာရင်း Black List အဖြစ် သတ်မှတ်မည်ဟု ထုတ်ပြန်ခဲ့သည်။ ယင်းအပြင် လစဉ်ထီစာအုပ်ဝယ်ယူခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ထီအရောင်းကိုယ်စားလှယ်က ဌာနသို့ ပေးသွင်းထားသည့် အာမခံငွေ Deposit အား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ထီထိုးကံစမ်းမည့် ပြည်သူများအနေဖြင့်လည်း ထီတစ်စောင်ခြင်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ၊ အုပ်လိုက်ဖြစ်စေ မူရင်းဈေးနှုန်းအတိုင်း ရောင်းချသည့်ဆိုင်များတွင်သာ ဝယ်ယူကံစမ်းကြရန်နှင့် ဈေးပိုရောင်းသည်များကို တွေ့ရှိပါက ဆက်သွယ်တိုင်ကြားနိုင်သည့်ဌာန၏ ဖုန်းနံပါတ်များကိုလည်း ထည့်သွင်းကြေညာခဲ့ကြောင်း သိရသည်။

**ဆုနှင်းလှဲ့**
**ဓာတ်ပုံ- ခင်မောင်ဝင်း (ကြေးမုံ)**

ပြည်ထောင်စုအရေး ညီအောင်တွေး
မနေးဆောင်ရွက် ပြည်သူ့အတွက်

# ပြည်တွင်းရေးရာ

**❀ စာမျက်နှာ ၃ မှ**

ကိုယ့်နိုင်ငံ၏ လိုအပ်ချက်သည် အဓိကဖြစ်ပါကြောင်း၊ ကိုယ့်နိုင်ငံသည် ကမ္ဘာကြီးတွင် အထီးကျန်အနေဖြင့် ရပ်တည်နိုင်မည်မဟုတ်ပါကြောင်း၊ ဒေသတွင်း ဆက်နွယ်မှုများ၊ ကမ္ဘာကြီး၏ ဆက်နွယ်မှုများနှင့် ဆက်နွယ်ပြီး မိမိတို့ SME များ အောင်မြင်အောင် လုပ်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "အရေးအကြီးဆုံးက ပညာရေးပါပဲ။ SME ကစပြီး လုပ်နေတဲ့ လုပ်ငန်းလေးတွေ ပိုပြီးအောင်မြင်အောင် ကျွန်မတို့ အစိုးရအနေနဲ့ ဘယ်လိုပံ့ပိုးရမလဲ။ အစိုးရက အားလုံးလုပ်ပေးလို့မရပါဘူး။ ကျွန်မတို့ဟာ ဈေးကွက်စီးပွားရေးစနစ်ကို ယုံကြည်တဲ့စနစ်ဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်အတွင်းမှာ SME လုပ်ငန်းတွေ အောင်မြင်အောင် အစိုးရက ဘယ်လိုပံ့ပိုးမလဲဆိုတာကို ဗဟိုကော်မတီအနေနဲ့ ဦးဆောင်ပြီးလုပ်ရမှာ ဖြစ်ပါတယ်။ အစိုးရရဲ့ ဈေးကွက်စီးပွားရေးစနစ်အတွင်း ပံ့ပိုးပေးဖို့၊ လက်ဝါးကြီးအုပ်ဖို့ မဟုတ်ပါဘူး။ ကျွန်မတို့ရဲ့မူဝါဒတွေအရ လုပ်ရမယ်ဆိုပြီး ကန့်ကွက်ဖို့လည်းမဟုတ်ပါဘူး။ ဈေးကွက်စီးပွားရေးစနစ်အတွင်း SME လုပ်ငန်းတွေ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုပံ့ပိုးကူညီမလဲ၊ ဘယ်လိုပံ့ပိုးမလဲ၊ ဖွံ့ဖြိုးတိုးတက်ဖို့လုပ်နေတဲ့တစ်ချိန်တည်းမှာ ကမ္ဘာကြီးနဲ့ ချိတ်ဆက်ပြီး စီးပွားရေးအရဆက်သွယ်မှုတွေသာမက လူမှုရေးအရ ဆက်သွယ်မှုတွေ တိုးတက်ကောင်းမွန်ဖို့ ဘယ်လိုလုပ်သွားမလဲဆိုတာ ကြည့်ပြီး အကြံဉာဏ်ပေးစေချင်ပါတယ်။

ကျွန်မတို့ အမြင်ကျယ်ဖို့လိုပါတယ်။ ကျဉ်းမြောင်းတဲ့အမြင်နဲ့ ရေရှည်မှာ မအောင်မြင်နိုင်ပါဘူး။ ရေတိုအောင်မြင်မှုတော့ ရကောင်းရနိုင်ပါတယ်။ ရေရှည် SME တွေ အောင်မြင်ဖို့ဆိုရင် ကမ္ဘာ့ရေစီးကြောင်းကို ကြည့်ရုံတင်မကပါဘူး။ ကမ္ဘာ့ရေစီးကြောင်းအပေါ် ကျွန်မတို့ဩဇာလွှမ်းမိုးဖို့ လိုပါလိမ့်မယ်။ ကျွန်မတို့မှာ တီထွင်ဉာဏ်ရှိရပါမယ်။ တီထွင်ဉာဏ်ကို အကောင်အထည်ဖော်နိုင်ရမယ်။ တခြားနိုင်ငံတွေမှာ မသုံးဘူးတဲ့ နည်းပညာတွေ လုပ်ထုံးလုပ်နည်းတွေကို ရှာရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံဟာ တခြားနိုင်ငံတွေထက် စီးပွားရေးမှာ တော်တော်နောက်ကျ နေပါတယ်။ နောက်ကျနေလို့ ကျော်တက်ဖို့ဆိုရင် တခြားသူတွေမတွေးဖူးတဲ့ အတွေး တွေးမှဖြစ်မယ်။ ဈေးကွက်သစ်တွေ ဖန်တီးရမယ်။

အဲဒီလိုစိတ်တွေနဲ့ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေက ရဲရဲဝံ့ဝံ့ အကြံပြုကြပါ။ မစမ်းသပ်ဖူးတဲ့ နည်းတွေနဲ့ စမ်းသပ်ရဲရမယ်။ မိုက်ရူးရဲဆန်တာကို ပြောတာ မဟုတ်ပါဘူး။ သတ္တိရှိရှိပညာကိုအသုံးပြုပြီး သူများတွေ မလုပ်ဖူးတဲ့ နည်းတွေကိုလုပ်မယ်ဆိုရင် SME တွေ ဖွံ့ဖြိုးတိုးတက်ဖို့ အင်မတန်မှ အထောက်အကူဖြစ်မှာဖြစ်ပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ စီးပွားရေးနဲ့ အင်မတန်မှ ဆက်နွယ်နေပါတယ်။ ကမ္ဘာကြီးရဲ့ နိုင်ငံရေးကိုကြည့်လိုက်ရင် စီးပွားရေးတောင့်တင်းတဲ့နိုင်ငံတွေကို ကျန်နိုင်ငံတွေက အင်မတန်မှ မျက်နှာချိုသွေးနေရတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေဟာ ဩဇာလွှမ်းမိုးလာကြတယ်။ ကျွန်မတို့နိုင်ငံကို ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ်နဲ့ ရပ်တည်စေချင်လို့ ဖြစ်ပါတယ်။ SME နဲ့ပတ်သက်လို့ လုပ်ငန်းကော်မတီဟာ ကျွန်မတို့ အစိုးရဘက်က သင့်တော်တဲ့ဌာနများရဲ့ ကိုယ်စားလှယ်များသာမက အတတ်ပညာရှင်များ၊ အသိပညာရှင်များ၊ ပြည်သူတွေအတွက် စေတနာနဲ့ စဉ်းစားပေးမယ့် ပုဂ္ဂိုလ်တွေကို ထည့်သွင်းထားတာဟာ နိုင်ငံအနေနဲ့ အရင်တုန်းကဘယ်လိုပဲနောက်ကျခဲ့၊ အခုဆိုရင် အင်မတန်မှ အရေးကြီးတဲ့ စီးပွားရေးကဏ္ဍဖြစ်တဲ့ SME တွေကို အခြေခံပြီးတော့ တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းရုံတင်မက ကျော်တက်သွားနိုင်တဲ့ အခြေအနေတွေကို ကြိုးစားနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ရှင်းလင်းတင်ပြသည်။

SME များ ထိရောက်စွာ ပံ့ပိုးပေးနိုင်ရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းသွားစေရန် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုနှင့် ခရိုင် ၃၈ ခုတို့တွင် စုစုပေါင်းရုံးခွဲ ၅၃ ရုံးဖွင့်လှစ်ထားရှိပြီး ဖြစ်သည်။

SME မူဝါဒ၏ မျှော်မှန်းချက်မှာ ကဏ္ဍအသီးသီးရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် ဒေသတွင်းစီးပွားရေးကွန်ရက်အတွင်း၌ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကောင်းများ မြင့်မားလာပြီး နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းတိုးပွားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာရေးတို့ကို ဦးဆောင်သွားနိုင်ရန် ဖြစ်သည်။

SME ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ပံ့ပိုးပေးနိုင်ရန်အတွက် SME Development Law ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် ဥပဒေနှင့်အညီ ဖွဲ့စည်းရမည့် အမျိုးသားအဆင့်ကော်မတီများ သက်ဆိုင်ရာအဖွဲ့များနှင့် SME Agency တို့ကို ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေရှိ SME Member အရေအတွက် စုစုပေါင်း ၅၉၆၉၄ ဦး ရှိကြောင်း၊ SME လုပ်ငန်းများရှိ လုပ်သားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ရန်အတွက် စက်မှုဝန်ကြီးဌာန စက်မှုသင်တန်းကျောင်းများတွင် နှစ်စဉ်ပုံမှန်သင်တန်းများ သင်ကြားပို့ချပေးခြင်း၊ စက်မှုနှင့်သက်မွေးပညာ ရွေ့လျားသင်တန်းများ (Mobile Vocational Training)အား ကျေးလက်ဒေသများအရောက် လှည့်လည်သင်တန်းပို့ချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပညာရှင်များက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေ့အကြုံများ၊ ပြဋ္ဌာန်းပြီးဥပဒေ၌ ပြုပြင်သင့်သည့်အချက်များ၊ တာဝန်ခွဲဝေမှုများနှင့် လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပံ့ပိုးပေးရန် ခြောက်ခုရှိပါကြောင်း၊ ငွေကြေး၊ လျှပ်စစ်၊ လုပ်သာကိုင်သာရှိသောသင့်တော်သောအခွန်အကောက်၊ Credit Guarantee စသည်တို့ကို အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ရာတွင် သတ်သတ်မှတ်မှတ် တာဝန်ခွဲပေးရန် လိုအပ်ပြီး စီးပွားရေးလုပ်ငန်းရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပြည့်ပြည့်စုံစုံ ထည့်သွင်းပေးရန် လိုအပ်ပါကြောင်း၊ ကော်မတီသို့ စီးပွားရေးလုပ်ငန်းရှင်၊ ပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ အကြံပေးနိုင်အောင် ဖွင့်လှစ်ထားရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရပ်များ၊ နည်းပညာများဖြန့်ဝေရာတွင် စနစ်တကျဖြန့်ဝေရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယနေ့အစည်းအဝေးသို့ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ပညာရှင်များလည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**☆ ကုလားတန်မြစ်ဝှမ်းမှ**

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးကူညီပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆမီးမြို့ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို မြို့မိမြို့ဖ ဦးအန်းလွင်က တင်ပြရာ တာဝန်ရှိသူများက ဆက်သွယ်ရေးစနစ် ကောင်းမွန်ရေး၊ မြို့နယ်ချင်းဆက်လမ်းဖောက်လုပ်ပေးရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ကျောင်းများနှင့် ဆေးရုံများ အဆင့်တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအစဉ်များကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ပလက်ဝမြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာကုသဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုပြီး ဆေးရုံတက်လူနာများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ပလက်ဝမြို့ ဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများ၏ လိုလားချက်များကို မြို့မိမြို့ဖ ဦးဟောင်ဝှေ့ကတင်ပြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပလက်ဝမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို ဒုတိယသမ္မတက မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင် တစ်ဦးထံ ပေးအပ်သည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ပေးသည့် ဆိုလာပြား ၅၀ ကို ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လည်းကောင်း၊ စောင် ၂၅၀ ကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်ကလည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာ၌ ဒုတိယသမ္မတအား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ကုလားတန်မြစ်အနောက်ဘက်ကမ်းမှ စတင်ဖောက်လုပ်မည့် ပလက်ဝမြို့-မီးဇာ-ရှင်းလက်ဝ ကားလမ်းအူကြောင်း ရွေးချယ်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၌ပါဝင်သည့် ပလက်ဝဆိပ်ခံတံတားသို့ ရောက်ရှိပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ပလက်ဝဆိပ်ကမ်းအတွင်းရှိ သိုလှောင်ရုံ၊ ဆိပ်ခံတံတားနှင့် ကုန်ပစ္စည်းတင်ချမည့် နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကုလားတန်မြစ်ကူး (ပလက်ဝ) တံတားတည်ဆောက်ရန် ရွေးချယ်ထားသည့် မြေနေရာအား



ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ ဆမီးမြို့တိုက်နယ်ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသော လူနာကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သွားရောက်ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေး တာဝန်ခံများက တံတားတည်ဆောက်ရန် နေရာရွေးချယ်ဆောင်ရွက်ခဲ့မှုနှင့် စီမံကိန်း စတင်ဆောင်ရွက်နိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပလက်ဝမြို့သည် ကုလားတန်မြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသဖြင့် ကားများမြို့တွင်းသို့ တိုက်ရိုက်သွားလာနိုင်ခြင်းမရှိသည့်အတွက် ကုလားတန်မြစ်ကူးတံတားတစ်စင်းတည်ဆောက်ရန် လိုအပ်လျက်ရှိသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်း၍ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်ဆောက်လုပ်သွားမည်ဖြစ်သည်။

ကုလားတန်မြစ်ကူး(ပလက်ဝ) တံတားတည်ဆောက်ရေးအတွက် ငွေကျပ် ၁၀ ဒသမ ၅ ဘီလီယံခန့် ကုန်ကျမည်ဟု ခန့်မှန်းထားပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ်တစ်ဘီလီယံ၊ ချင်းပြည်နယ်အစိုးရရန်ပုံငွေမှ ငွေကျပ် ၂ ဒသမ ၅ ဘီလီယံဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို သုံးနှစ်အတွင်း အပြီးတည်ဆောက်ရန် လျာထားကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲများတွင် ဒုတိယသမ္မတက ယခုကဲ့သို့ နိုင်ငံတော်မှ ကုလားတန်မြစ်ကူးတံတားစီမံကိန်းနှင့် ကုလားတန်မြစ်ဝှမ်းဘက်စုံစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းအားဖြင့် ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါကြောင်း၊ စီမံကိန်းကြီးများ ပြီးမြောက် အကောင်အထည်ဖော်ပြီးပါကလည်း ထုတ်လုပ်ထားသည့် ဒေသထွက်ကုန်ပစ္စည်းများ လွယ်ကူလျင်မြန်စွာ သယ်ယူနိုင်မှာဖြစ်သလို ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ယင်းသို့ ရရှိလာမည့် အခွင့်အလမ်းများကို အသုံးချနိုင်ရန် မိမိဒေသရေမြေသဘာဝနှင့် ကိုက်ညီသင့်လျော်သော စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး ယခုအချိန်ကတည်းကစ၍ ကြိုတင်ပြင်ဆင်စီမံထားကြစေလိုကြောင်း။

နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပါကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး (၂၁) ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံကို ကျင်းပကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်နိုင်ရန် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုရှိအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း မှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**(သတင်းစဉ်)**

# အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် မဖြစ်မနေမြှင့်တင်ပေးရမည်

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဗဟိုကော်မတီဝင် ဒေါက်တာမောင်မောင်သိမ်းတို့၏ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောကြားချက်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်-

**ဦးခင်မောင်ချို**
**ပြည်ထောင်စုဝန်ကြီး**
**စက်မှုဝန်ကြီးဌာန**
**အတွင်းရေးမှူး၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ**

SME ဥပဒေ၊ နည်းဥပဒေတွေကတော့ ထွက်ပြီးသားဖြစ်ပါတယ်။ ခေတ်နဲ့ ဈေးကွက်စီးပွားရေးနဲ့ ကိုက်ညီအောင် ပြုပြင်ပြောင်းလဲဖို့ လိုအပ်ပါတယ်။ လိုအပ်တဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ ပြန်ပြင်ရပါမယ်။ အကျိုးသက်ရောက်မှု၊ ထိရောက်မှု ရှိ၊ မရှိဆိုတာလည်း ပြန်လည်သုံးသပ်ပြီးတော့ လိုအပ်တဲ့ အပိုင်းတွေမှာ ပြန်လည်မွမ်းမံပြုပြင်ဖို့ လိုပါတယ်။

ဒါတွေ ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာ ပြည်သူလူထုအတွက် တကယ်အထောက်အကူပြုမယ့် SME လုပ်ငန်းတွေကို အကျိုးသက်ရောက်မှု ရှိ၊ မရှိ ဆိုတာကို အမြဲသုံးသပ်ပြီး လိုအပ်သလို သက်ဆိုင်ရာဘဏ်တွေနဲ့ ချိတ်ဆက်ပြီး လိုအပ်တဲ့အထောက်အပံ့တွေကို မပြတ်ပေးသွားမှာ ဖြစ်ပါတယ်။ ပေးတဲ့အခါမှာ ပြဿနာတစ်ခုရှိတာက သူတို့ရဲ့ နည်းပညာပိုင်းချို့တဲ့မှုတွေအများကြီးရှိခဲ့တာ ရှိပါတယ်။ အဲဒီနည်းပညာတွေကို ပံ့ပိုးပေးဖို့လည်း ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနရဲ့ အဓိကတာဝန်ပါ။

အခုချိန်မှာဆိုရင် စက်မှုသင်တန်းကျောင်းလို Mobile Vocational Training Sector အများကြီး ဖွင့်ပြီးတော့ ပြည်သူလူထုရဲ့ ချို့တဲ့နိမ့်ကျနေတဲ့ အတွေ့အကြုံတွေကို နိုင်ငံတကာအတွေ့အကြုံတွေနဲ့ ပေါင်းစပ်ပြီး ဘယ်လိုမြှင့်တင်ပေးမလဲ၊ ဘယ်လိုအားပေးမလဲ။ သူတို့ နည်းမှန်လမ်းမှန်ဖြစ်သွားရင် သူတို့ရဲ့ ထုတ်လုပ်မှုတွေဟာ အရင်က ထုတ်လုပ်မှုတွေ



**ဦးခင်မောင်ချို**

နဲ့ မတူဘဲ ပြည်သူလူထုကို တကယ်အထောက်အကူပြုတဲ့၊ တကယ်အကျိုးပြုတဲ့ နိုင်ငံတော်ရဲ့ GDP တိုးတက်စေတဲ့ ထုတ်ကုန်ပစ္စည်းတွေ၊ ဈေးကွက်က လက်ခံမယ့်ပစ္စည်းတွေ ဖြစ်လာမှာဖြစ်ပါတယ်။

ထုတ်လုပ်တဲ့ပစ္စည်းက ဈေးကွက်က မလိုအပ်တဲ့ပစ္စည်းတွေဖြစ်တဲ့အတွက် ပြည်ပကို ထိုးဖောက်ဖို့ အင်မတန်ခက်ခဲမှာ ဖြစ်ပါတယ်။ ဒါတွေကို အရည်အသွေးတိုးမြှင့်ဖို့အတွက် ဦးစားပေးပြီးတော့ သင်တန်းတွေ ပို့ချပေးမှာဖြစ်ပါတယ်။ လိုအပ်တဲ့ စောင့်ကြည့်လေ့လာရေးအဖွဲ့တွေနဲ့ မပြတ်လေ့လာပြီး ပြည်သူလူထုရဲ့ အမှန်တကယ်ကြုံတွေ့နိုင်တဲ့ အခက်အခဲတွေကို SME Agency ဖွဲ့ပြီးတော့ တစ်နိုင်ငံလုံးက ပျံ့ပျံ့နှံ့နှံ့ ကူညီပူးပေါင်းဆောင်ရွက်ပေးရင် အချိန်တိုအတွင်း အမြန်ဆုံး SME တိုးတက်လာမှာဖြစ်ပါတယ်။

SME တိုးတက်တာက နိုင်ငံတိုးတက်တာနဲ့ အတူတူပဲ။ SME လုပ်ငန်းတွေဟာ တစ်နိုင်ငံလုံးရဲ့ ၉၉ ရာခိုင်နှုန်းနီးပါး ရှိနေပါတယ်။ SME တိုးတက်လာရင် နိုင်ငံတော်ကြီးတိုးတက်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံအပြင် ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေမှာ SME လုပ်ငန်းမှာ အမှီပြုပြီး တိုးတက်မှုလုပ်ရပါတယ်။

ဘာကြောင့်လဲဆိုတော့ SME လုပ်ငန်းတွေဟာ နည်းပညာအသစ်တွေကို ဆန်းသစ်တီထွင်တဲ့နေရာမှာ သူများထက် လျင်မြန်သွက်လက်ပြီး တုံ့ပြန်နိုင်တဲ့အတွက် ဈေးကွက်လိုအပ်ချက်ပစ္စည်းတွေကို အမှန်အကန် အမြန်ဆုံး ဈေးနှုန်းချိုသာစွာနဲ့ ထုတ်ပြန်ပေးနိုင်မှာဖြစ်ပါတယ်။ အဲဒီလို ထုတ်ပြန်နိုင်တဲ့အတွက် ပြည်သူလူထုအတွက်လည်း လူမှုစီးပွားဘဝ တိုးတက်လာမယ်။ အလုပ်အကိုင်အခွင့်အရေးလည်း ရမယ်။ ဒါကြောင့်မို့ SME ကတော့ မဖြစ်မနေ မြှင့်တင်ပေးရမယ့်တာဝန်ရှိနေပါတယ်။

SME (အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းများ) မှာ ဘယ်လောက်အဆင့်က အသေးစားပေါ့၊ ဘယ်လောက်အဆင့်က အလတ်စား၊ ဘယ်လောက်အဆင့်က အကြီးစားဆိုတာတွေက ခုန တင်ပြဆွေးနွေးတဲ့နေရာမှာ ပါသွားပါတယ်။ အကြီးစားခေါ်ခေါ်၊ အသေးစားခေါ်ခေါ် အောင်မြင်မှုရလဒ် မရှိဘူးဆိုရင် တိုးတက်မှုမရှိသလို ကျွန်တော်တို့က အချည်းအနှီးဖြစ်သွားပါလိမ့်မယ်။

အဲဒီတော့ ကျွန်တော်တို့ဟာ အမည်နာမ သတ်မှတ်ချက်ထက် ထိရောက်မှု အကျိုးရှိ၊ မရှိကို ဦးစားပေးပြီးတော့ လိုအပ်တဲ့အကူအညီ ငွေရေးကြေးရေး အကူအညီ၊ နည်းပညာအကူအညီ အားလုံးအဘက်ဘက်က ပံ့ပိုးပေးမှာဖြစ်ပါတယ်။ ဒီအပေါ်မှာတော့ အသေးစားမို့လို့၊ အလတ်စားမို့လို့၊ အကြီးစားမို့လို့ မပေးဘူးဆိုတာ မရှိပါဘူး။ အမည်နာမက အဓိက မဟုတ်ဘဲနဲ့ သူရဲ့ စွမ်းဆောင်မှုသာလျှင် အဓိကဖြစ်တယ်လို့ ပြောလိုပါတယ်။

**ဒေါက်တာမောင်မောင်သိမ်း**
**အဖွဲ့ဝင်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ**

SME ဟာ နိုင်ငံဖွံ့ဖြိုးရေးမှာ အင်မတန်အရေးပါတဲ့ အထဲမှာ ပါပါတယ်။ ဒီနေ့ဖွံ့ဖြိုးတိုးတက်နေတဲ့ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတို့ဆိုရင် SME ဖွံ့ဖြိုးမှုကို အခြေခံပြီး နိုင်ငံဖွံ့ဖြိုးမှုဖြစ်လာတယ်။ SME တွေဘာလို့ အရေးပါတာလဲလို့ မေးရင် နံပါတ်(၁)အချက်က SME တွေဟာ အလုပ်အကိုင်ဖွံ့ဖြိုးမှုကို အားပေးတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဈေးကွက်တွေမှာ အလုပ်အကိုင်ဖွံ့ဖြိုးမှုအတွက်ကို ၅၀ ရာခိုင်နှုန်းကနေ ၇၀ ရာခိုင်နှုန်းအထိ အားပေးတယ်။

ဂျပန်လို နိုင်ငံမျိုးကျတော့ ၇၂ ရာခိုင်နှုန်းလောက် အားပေးတယ်။



**ဒေါက်တာမောင်မောင်သိမ်း**

ဒီလိုပဲ ဥရောပဆိုရင် ၆၆ ရာခိုင်နှုန်း အလုပ်အကိုင်ဖွံ့ဖြိုးမှုကို အားပေးတယ်။ ဒါ SME ရဲ့ အရေးပါမှုပါ။ သုတေသန လုပ်ချက်အရဆိုရင် ပျမ်းမျှခြင်းအားဖြင့် SME တွေဟာ နိုင်ငံတော်ရဲ့ဝင်ငွေ ၃၃ ရာခိုင်နှုန်းလောက် အထောက်အကူပြုတယ်။ SME တွေရဲ့ ပါဝင်နိုင်မှုမှာ ဘယ်နိုင်ငံမှာပဲကြည့်ကြည့် စီးပွားရေးလုပ်ငန်းတွေရဲ့ ၉၀ ရာခိုင်နှုန်းလောက်ရှိတယ်။ မြန်မာပြည်ဆိုရင် SME တွေရဲ့ ကဏ္ဍဟာ စီးပွားရေးလုပ်ငန်းတွေရဲ့ ၉၉ ဒသမ ၄ ရာခိုင်နှုန်းလောက် ပါရှိပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် အရေးကြီးတယ်ဆိုတာ ပေါ်ပါတယ်။ SME တွေဟာ ထုတ်ကုန်အတွက် တော်တော်လေး အရေးကြီးတဲ့ အထဲမှာပါတယ်။

SME တွေဟာ လူလတ်တန်းစားအလွှာကို အထောက်အကူပြုတယ်။ နိုင်ငံတစ်နိုင်ငံမှာ လူလတ်တန်းစားအလွှာကြီးတော့မှ နိုင်ငံတိုးတက်တယ်ပေါ့။ အဲဒီလောက်ကို အထောက်အကူပြုတယ်။ ဒါ့အပြင် အားလုံးပေါင်းခြုံလိုက်တဲ့အခါ SME တွေဟာ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးတွေကို အများကြီးအထောက်အကူပေးတယ်လို့ ပြောနိုင်ပါတယ်။

ဒါကြောင့်မို့လို့ SME တိုးတက်မှုဟာ အလွန်အရေးပါတယ်။ ဒီနေ့ကမ္ဘာပေါ်မှာ နာမည်ကြီးနေတဲ့ google က စပြီးတော့ Facebook အဆုံး တစ်ချိန်တုန်းက SME တွေပါပဲ။ အခုမှ ကြီးထွားသွားတဲ့ အနေအထားရှိတယ်။ အခုဆိုရင် နိုင်ငံတော်သမ္မတကြီးနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ဦးဆောင်တဲ့ SME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး ပထမအကြိမ် လုပ်လိုက်တယ်။ ဆွေးနွေးကြတာတွေ၊ လမ်းညွှန်ချက်ပေးတာတွေက တော်တော်ကောင်းတဲ့အနေအထားရှိပါတယ်။

ဒါကို ထိထိရောက်ရောက် ဆက်လုပ်ဖို့လည်းလိုတယ်။ ထိထိရောက်ရောက် ဆက်လုပ်နိုင်မယ်ဆိုရင် SME တွေဖွံ့ဖြိုးမှု အရေးပါလာမှာပါ။ SME တွေ ဖွံ့ဖြိုးမှုလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဖြစ်သွားမှာပါ။ လုပ်တဲ့အခါမှာ အခက်အခဲတွေတော့ ရှိတာပေါ့။ အထူးသဖြင့် ငွေရေးကြေးရေးနဲ့ပတ်သက်ပြီးတော့ အခက်အခဲတွေရှိမယ်။ SME ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အဓိကအားဖြင့် မဏ္ဍိုင်ကြီး (၃)ခု လိုအပ်တယ်။

ပထမ မဏ္ဍိုင်က ဘဏ္ဍာရေးမဏ္ဍိုင်၊ ဒုတိယ မဏ္ဍိုင်ကတော့ နည်းပညာဖွံ့ဖြိုးအောင်သင်ပေးရမယ့် မဏ္ဍိုင်၊ တတိယမဏ္ဍိုင်ကတော့ ကုန်သန်းရောင်းဝယ်ရေး၊ ရောင်းဝယ်ဖောက်ကားရေးတွေမှာ လုပ်တတ်အောင် လုပ်ပေးရမယ်။ အဲဒီမဏ္ဍိုင် ၃ ခုမှာ ဘဏ္ဍာရေးမဏ္ဍိုင်ကတော့ အရေးကြီးဆုံးပဲ။ ကျန်တဲ့မဏ္ဍိုင်တွေ ဘယ်လောက်ကောင်းကောင်း ဘဏ္ဍာရေးမဏ္ဍိုင် မပေးနိုင်ရင် အလကားပဲ။ ဘဏ္ဍာရေးမဏ္ဍိုင်ပြန်ကြည့်ရင်လည်း လုပ်နိုင်တဲ့ ပုံစံ (၃)မျိုးရှိတယ်။

နံပါတ်(၁) အပေါင်ပစ္စည်းကို အခြေခံပြီးတော့ ငွေကြေးထောက်ပံ့တယ်။ ဒုတိယကတော့ သတင်းအချက်အလက်ပေါ် မူတည်ပြီး ငွေကြေးထောက်ပံ့တယ်။ တတိယကတော့ ဖြစ်ထွန်းအောင်မြင်မှုအလားအလာကို အခြေခံပြီးတော့ ငွေကြေးထောက်ပံ့တယ်။ အပေါင်ပစ္စည်းတင်ပြီး ငွေချေးတယ်။ ချေးတဲ့အခါကျရင် SME က ငွေရသွားရင် သူ့လုပ်ငန်းသူ လုပ်နိုင်တယ်။ သို့သော် SME မှာ ပြဿနာရှိတာက SME တွေမှာ တင်လောက်တဲ့ အပေါင်ပစ္စည်းတွေ မရှိတာများတယ်။ ဒါကြောင့် SME တွေ ဖြစ်နေတာပေါ့။ အိမ်တွေ၊ ခြံတွေပိုင်တယ်ဆိုရင်တော့ ဘာမှ SME လို့ ခေါ်လို့မရတော့ဘူး။ SME အလားအလာ မရှိတဲ့အတွက် ငွေချေးဖို့ အခက်အခဲရှိပါတယ်။ ရှိသွားတာကို ဘယ်လိုဖြေရှင်းဖို့ ကြိုးစားခဲ့သလဲဆိုရင် ချေးငွေအာမခံပါ။ SME တွေငွေချေးလိုက်ပါ။ သူတို့မှာ အပေါင်ပစ္စည်းမရှိဘူး။ သို့သော် ငွေချေးလိုက်ပါ။ တကယ်လို့ SME က မဆပ်နိုင်ဘူးဆိုရင် အာမခံကုမ္ပဏီက ဆပ်မယ်ဆိုတဲ့ အာမခံအမျိုးအစား ချေးငွေအာမခံပေါ့။ အဲဒါကို ၂၀၁၄ ခုနှစ်မှာ ဂျပန်နိုင်ငံမှာရှိတဲ့ ဘဏ်တစ်ခုနဲ့ပေါင်းပြီး လုပ်ခဲ့တယ်။ ဒါကိုလည်း ဘဏ်တွေက အသုံးပြုပြီးတော့ ငွေချေးဖို့ (၂)နှစ်ကြိုးစားခဲ့တယ်။ မအောင်မြင်ဘူး။ သို့သော်လည်း ပြီးခဲ့တဲ့နှစ်ကစပြီး အောင်မြင်လာတယ်။ အခုဆိုရင် ဖေဖော်ဝါရီ ၂၄ ရက် စာရင်းဇယားအရဆိုရင် SME ၂၁ ခုကို ငွေချေးပေးနိုင်သွားပြီ။ နောက်ထပ်လည်း ၁၆ ခုလောက်က လာဖို့ အလားအလာရှိနေတယ်ပေါ့။ ဒါက တိုးတက်မှုပါ။

ဒုတိယ သတင်းအချက်အလက်ပေါ် မူတည်ပြီးလည်း ငွေချေးတာပဲ။ ဘာကိုမူတည်လဲဆိုရင် SME ရဲ့ သတင်းအချက်အလက်တွေ၊ ငွေဝင်ငွေထွက်အခြေအနေတွေ ငွေကြေးဆိုင်ရာထုတ်ပြန်ချက်တွေကို မူတည်ပြီးတော့ ချေးတာပါ။ အဲဒီမှာ ဘာပြဿနာရှိသလဲဆိုရင် SME တွေဟာ ထုတ်ပြန်ချက် သေသေချာချာ မလုပ်တတ်ကြဘူး။ အဲဒီအခါ ဘဏ်တွေကလည်း ငွေချေးဖို့လက်တွန့်တာပေါ့။ ဘာလို့လဲဆိုရင် SME တွေက စွန့်စားမှုကြီးမားတယ်။ တစ်ဖက်ကလည်း ငွေပြန်ရဖို့ အဲဒီမှာလည်း ပြဿနာရှိတယ်။ အဲဒီကိစ္စမှာလည်း ကျွန်တော်တို့က အထောက်အကူလုပ်ပေးဖို့ လိုတာပေါ့။ စာရွက်စာတမ်းတွေ မှန်ကန်ဖို့အတွက်ကို အားပေးရမှာပေါ့။

ဖြစ်ထွန်းအောင်မြင်မှု အလားအလာကို အခြေခံပြီးတော့ ငွေချေးတာ မဟုတ်တော့ဘူး။ ရှယ်ယာဝင်ထည့်ပေးတာ။ သို့သော်လည်းပဲ လက်ရှိအခြေအနေမှာ SME ဥပဒေ ပုဒ်မ (၂)(ဂ)မှာ SME လုပ်ငန်းလုပ်တဲ့သူဟာ ၁၀၀ ရာခိုင်နှုန်း နိုင်ငံသားဖြစ်ရမယ်လို့ ရေးထားတဲ့အတွက် နိုင်ငံခြားက အခက်အခဲဖြစ်သွားပြန်ရော။ အဲဒါကိုလည်း ပြင်ပေးဖို့လိုအပ်တာပေါ့။ လိုအပ်တာတွေကို ဝိုင်းလုပ်နိုင်တယ်ဆိုရင် SME တိုးတက်သွားလိမ့်မယ်။ SME တိုးတက်တယ်ဆိုရင် နိုင်ငံရဲ့ စီးပွားရေးဟာ တက်သွားပါလိမ့်မယ်။ **ကျေးဇူးတင်ပါတယ်ခင်ဗျာ။**

**မျိုးမြင့်နှင့်အဖွဲ့ (သတင်းစဉ်)**

---

# အရာထမ်းလောင်းအခြေခံသင်တန်း(အထူး) သင်တန်းအမှတ်စဉ် (၇) သွားဘက်ဆိုင်ရာဆရာဝန်များ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ကြမည့် သစ်လွင်သွားဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့် နိုင်ငံတော်သစ်တည်ဆောက်ဆဲကာလတွင် မည်သည့်နေရာဒေသတွင်မဆို ကျရာတာဝန်များကို ထမ်းဆောင်ကြရန်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည့် အရာထမ်းလောင်းအခြေခံ(အထူး) သင်တန်းအမှတ်စဉ်(၇) သွားဘက်ဆိုင်ရာ ဆရာဝန်များ သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက အဖွင့်အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူများအနေဖြင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်း၍ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို တိုးတက်ရရှိနိုင်စေရန် စိတ်အားထက်သန်စွာ တိုးချဲ့လုပ်ကိုင်ပေးကြရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ပြောကြားသည်။

**နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေး**

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းများ ပြုပြင်ပြောင်းလဲရေးအတွက် ယခင် Old Public Administration မှ နိုင်ငံတော်က ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီစနစ်နှင့်လျော်ညီသော New Public Administration၊ New Public Management၊ New Public Governance တို့ကို အထောက်အကူပြုမည့် New Public Service Delivery များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတည်ထောင်မှု ပြည်သူနှင့်ဝန်ထမ်းလက်တွဲပြု (Cooperation of the Civil Service and Public Creates a Nation)ဆိုသည့် ဆောင်ပုဒ်အသစ်ကိုချမှတ်ပြီး ပြုပြင်ပြောင်းလဲမှုများစွာကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် နိုင်ငံ့ဝန်ထမ်းများအား စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်း (Management Training Approach)နှင့် ပညာရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးခြင်း (Educational Approach)တို့ဖြင့် ဆောင်ရွက်လျက်ရှိရာ လက်ရှိဖွင့်လှစ်လျက်ရှိသော ပုံမှန်သင်တန်းများအပြင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီတစ်ခုစီကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)နှင့် (အထက်မြန်မာပြည်)တို့တွင် ဇန်နဝါရီ ၂ ရက်က တစ်ပြိုင်တည်း တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း။

**နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်**

နိုင်ငံ့ဝန်ထမ်းများအား သင်ကြားလေ့ကျင့်ပေးရေးတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ပူးပေါင်း၍ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (Civil Service Reform Strategic Action Plan)၊ နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှု မူဘောင် (Civil Service Competency Framework)၊ အဆင့်မြင့်အရာရှိကြီးများအတွက် စီမံအုပ်ချုပ်မှုဆိုင်ရာ ခေါင်းဆောင်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ပြန်လည်သုံးသပ်ခြင်း (Civil Service Regulations and procedural Review)ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်လျက်ရှိသော ပုံမှန်သင်တန်း ခုနစ်မျိုး၌ ပို့ချလျက်ရှိသော Curriculum၊ Syllabus၊ Module နှင့် Course Design များကို ခေတ်နှင့်လျော်ညီပြီး နိုင်ငံတကာအဆင့်ရှိစေရန် သင်တန်းလိုအပ်ချက်သုံးသပ်ခြင်းလုပ်ငန်းအဖွဲ့ (Training Needs Analysis TNA Task Force)ဖွဲ့စည်းပြီး EU(GOPA) မှ ပြည်ပပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို သင်တန်းဆရာများ လေ့ကျင့်ရေးသင်တန်း (Training of Trainers-TOT)များကိုလည်း EU(GOPA)၊ ထိုင်းနိုင်ငံ Dhurakl Pundir University-DPU တို့နှင့်လည်းကောင်း၊ Case Study Method Training ကို World Bank နှင့်ပူးပေါင်း၍လည်းကောင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအတွက် ခေါင်းဆောင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသင်တန်းကို မလေးရှားနိုင်ငံ EDS Business School နှင့်အမေရိကန်နိုင်ငံ Akamai University နှင့် ပူးပေါင်းဖွင့်လှစ်ပို့ချရန် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**သင်တန်းဆင်းလက်မှတ်များချီးမြှင့်**

ထို့နောက် သင်တန်းတွင် စံပြဆုနှင့် စာပေထူးချွန်ဆုရရှိသူများကို ဆုချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။ ယင်းသင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးပွား၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ပါမောက္ခချုပ် ဦးညီညီစံ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဝင်းနှင့် တာဝန်ရှိသူများ၊ သွားဘက်ဆိုင်ရာ ဆရာဝန် သင်တန်းသား ၅၉ ဦး၊ သင်တန်းသူ ၃၄ ဦး စုစုပေါင်း ၉၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

# သမိုင်းဝင်ဓာတ်ပုံများ၊ သတင်းဓာတ်ပုံများနှင့် ဆုရဓာတ်ပုံများစွာအပါအဝင် ရန်ကုန်ဓာတ်ပုံပွဲတော် မတ် ၄ ရက်မှ ၁၉ ရက်အထိ မဟာဗန္ဓုလပန်းခြံတွင် ကျင်းပမည်

**ရန်ကုန် မတ် ၁**

ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံတွင် မတ် ၄ ရက်မှ ၁၉ ရက်အထိ သမိုင်းဝင်ဓာတ်ပုံများ၊ ကမ္ဘာကျော် သတင်းဓာတ်ပုံများ၊ ဆုရဓာတ်ပုံများစွာနှင့် စိတ်ဝင်စားဖွယ် အစီအစဉ်များစွာပါဝင်သည့် ရန်ကုန်ဓာတ်ပုံပွဲတော် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံး ပြင်သစ်ယဉ်ကျေးမှုဌာနမှ သိရသည်။

ရန်ကုန်ဓာတ်ပုံပွဲတော်ကို ယခုနှစ်အပါအဝင် (၉) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ်မှ အဋ္ဌမ အကြိမ်အထိ ပြင်သစ်သံရုံး ပြင်သစ်ယဉ်ကျေးမှုဌာန၌သာ ကျင်းပခဲ့ရာမှ ယခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အများ ပြည်သူကြည့်ရှုလေ့လာနိုင်မည့် ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပမည်ဖြစ်ကြောင်း အဆိုပါ ပြပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ ပြင်သစ်ယဉ်ကျေးမှု ဌာန၌ ကျင်းပခဲ့သည်။

"ဒီပွဲမှာပြသမယ့် World Press Photo ဆိုရင်လည်း သူတို့နိုင်ငံမှာတောင် ပုံမှန်ဆိုရင် အဆောက်အအုံတွေ ထဲမှာ ပြသခဲ့တာပါ။ များသောအားဖြင့်လည်း ဝင်ကြေး ပေးပြီး ကြည့်ရတဲ့ ပြပွဲတွေပါ။ အခုကတော့ အများ ပြည်သူ အခမဲ့လေ့လာနိုင်အောင် မဟာဗန္ဓုလပန်းခြံမှာ ပြသခွင့်ရခဲ့တာဟာ ပထမဦးဆုံးပြသနိုင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်" ဟု ပြင်သစ်ယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူ တစ်ဦးက ရှင်းပြသည်။

ရန်ကုန်ဓာတ်ပုံပွဲတော်ဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက်တွင် ပြင်သစ်ယဉ်ကျေးမှုဌာန၌ ကျင်းပမည်ဖြစ်ပြီး မဟာဗန္ဓုလပန်းခြံတွင် ဓာတ်ပုံပြပွဲများ ပြသခြင်းနှင့်အတူ ပြင်သစ်ယဉ်ကျေးမှုဌာနတွင်လည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ ဆိုင်းဝိုင်းနှင့်အတူ တီးခတ်ခြင်းများ ပါဝင်မည်ဖြစ်ပြီး DJ နှင့်အတူ ဓာတ်ပုံတင်ဆက်မှုများ ပါဝင်မည်ဟု သိရသည်။ မတ် ၄ ရက်မှစတင်ကာ မဟာဗန္ဓုလပန်းခြံတွင် နိုင်ငံတကာနှင့် မြန်မာဓာတ်ပုံဆရာများ၏ ဓာတ်ပုံ ဇာတ်လမ်းကောင်းများကို ပြသသွားမည်ဟု သိရသည်။




ယင်းအပြင် ကမ္ဘာ့အကြီးကျယ်ဆုံး၊ သိက္ခာအမြင့်ဆုံး ဖြစ်သည့် ဓာတ်ပုံစာနယ်ဇင်းဆုဖြစ်သည့် World Press Photo 2016 အတွက် ဆုရဓာတ်ပုံများကို ပြသထားမည် ဖြစ်ကြောင်း သိရသည်။ ထို့အတူ ၁၉၈၀ခုနှစ်ခန့်က မြန်မာ တိုင်းရင်းသားများအား မှတ်တမ်းတင်ရိုက်ကူးခဲ့သော ဓာတ်ပုံ များ၊ ၁၉၁၈ မှ ၁၉၃၅ ခုနှစ်ကြား တောင်ပေါ်တိုင်းရင်းသား လူမျိုးစုများနှင့် ယဉ်ကျေးမှုများအား မှတ်တမ်းတင်ရိုက်ကူး ခဲ့သည့်ဓာတ်ပုံများ၊ ၁၉၇၀ ခုနှစ်ဝန်းကျင်ကာလက ဘဲလေး ဓာတ်ပုံ စတူဒီယို၏ ရန်ကုန်ဖက်ရှင်ဓာတ်ပုံများ စသည့် စိတ်ဝင်စားဖွယ်ဓာတ်ပုံများကို ပြသထားမည်ဖြစ်သည့် အပြင် ပြင်သစ်ယဉ်ကျေးမှုဌာနတွင်လည်း ဓာတ်ပုံပညာ အလုပ်ရုံဆွေးနွေးပွဲများ၊ သတင်းစာလွတ်လပ်ခွင့်နှင့် ဆွေးနွေးမှု၊ ဓာတ်ပုံပညာရပ်အကြောင်း၊ ၂၀၁၁ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့သည့် ကမ္ဘာ့အနုပျိုဆုံး တောင်ဆူဒန် နိုင်ငံ၌ မျှော်လင့်ခြင်းနှင့် ပျော်ရွှင်ခြင်းမှ အကြောက်တရား နှင့် အားငယ်မှုအဖြစ် ပြောင်းလဲသွားမှုများကို ဓာတ်ပုံပညာ ဖြင့် ဖော်ပြထားမှုများကို ပြသကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာဓာတ်ပုံပညာရှင်များပါဝင်သော အကဲ ဖြတ်အဖွဲ့များရှေ့တွင် အကောင်းဆုံးဓာတ်ပုံ ဇာတ်လမ်းဆု အတွက် မြန်မာဓာတ်ပုံဆရာများက ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရန်ကုန်ဓာတ်ပုံည ဓာတ်ပုံဇာတ်လမ်းပြသမှုနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၁၁ ရက် ညနေ ၆ နာရီတွင် ပြင်သစ်ယဉ်ကျေးမှုဌာနတွင် ကျင်းပသွားမည်ဟု သိရသည်။ **(ဆုနှင်းလှဲ့)**

## ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ရှင်းလင်း

**ရန်ကုန် မတ် ၁**

ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာဥပဒေပိုင်း၊ လုံခြုံရေးပိုင်းနှင့်တွေ့ကြုံရမည့် အခက်ခဲများအား ရှင်းလင်းပြောကြားသည့်အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့ ရဲသူရိန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကိုစိုး၊ အဖွဲ့ဝင် ဦးတင်မောင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်မျိုးဝင်းတို့က ရှင်းလင်းပြောကြားခဲ့ပြီး ကော်မရှင် အဖွဲ့ဝင် ဦးလှငွေ၊ ဦးမြင့်စိုး၊ ဦးဝင်းဌေး၊ ဒေါ်သန်းထွေး၊ မြို့နယ်လဝကဦးစီးမှူး ဦးစံသိန်း၊ မြို့နယ်စည်ပင်လက်ထောက်အုပ်ချုပ်ရေးမှူး ဦးတင်ထွန်း၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(ကြေးမုံ)**

## မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြော

**လားရှိုး မတ် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့(လားရှိုး)မှ ဦးစီးပြုလုပ်သည့် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို လားရှိုးမြို့ သူနာပြုသင်တန်းကျောင်း၌ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးဟောပြောဆောင်ရွက်မှုများတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအသိပညာပေးမှုများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးမှုများ ဟောပြောခဲ့ကြသည်။ ဟောပြောပွဲသို့တက်ရောက်ခဲ့သော သူနာပြုသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်တင်တင်မိုးနှင့် သူနာပြုသင်တန်းကျောင်းသူ ၃၈၃ ဦးအား လားရှိုးမြို့နယ်ရဲတပ်ဖွဲ့ဝင်များက ဥပဒေအသိပညာပေးလက်ကမ်းစာစောင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး လက်ကမ်းစာစောင်များ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာပညာပေး လက်ကမ်းစာစောင်များ၊ မူးယစ်ဆေးဝါး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဒုတိယအကြိမ် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ (၂၀၁၇) စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် မတ် ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုသင်တန်းကျောင်း Trade Training Institute (TTI)၏ ပံ့ပိုးကူညီမှုဖြင့် ဒုတိယအကြိမ် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ ၂၀၁၇ (The 2nd Housing & Building 2017) ကို ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။




အဆိုပါ အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ (၂၀၁၇)၌ ပြည်တွင်းပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ကွန်ကရစ်လုပ်ငန်းများ၊ အိမ်အမိုးပြားများ၊ အိမ်သုတ်ဆေးများ၊ ကြမ်းခင်းများ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ ကြွေပြားကျောက်ပြားများ၊ ခေတ်မီပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တံခါးများ၊ မျက်နှာကြက်များအား ခင်းကျင်းပြသမည်ဖြစ်ပြီး အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာဘဏ်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာအာမခံလုပ်ငန်းများမှ ဈေးကွက်အတွင်းနှင့် သုံးစွဲသူပြည်သူလူထုအတွင်း အရှိန်အဟုန်ပြင်းစွာ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်စေရန်အတွက် ရည်ရွယ်၍ စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

Dagon Exhibitions ကုမ္ပဏီလီမိတက်မှ Marketing မန်နေဂျာ ကိုနိုင်ဝင်းအောင်က "အခုကတော့ ဒီပြပွဲ လာရောက်ကြည့်ရှုလေ့လာကြတဲ့ ပြည်သူတွေအတွက် စုံစုံလင်လင်ဖြစ်စေဖို့ တန်ဖိုးနည်းအိမ်ရာတွေ၊ အဆင့်မြင့်ကွန်ဒိုတွေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေကို ခင်းကျင်းပြသသွားမှာပါ။ ဒီလိုပြပွဲပြုလုပ်ခြင်းအားဖြင့် အိမ်ခြံမြေကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍများအတွက် တစ်စိတ်တစ်ပိုင်းတော့ အထောက်အကူဖြစ်စေမှာပါ။ ပြပွဲပြုလုပ်မယ့်ပွဲ သုံးရက်အတွင်းမှာလည်း ဆောက်လုပ်ရေးနဲ့ အိမ်ခြံမြေ လုပ်ငန်းရှင်တွေရဲ့ ဟောပြောပွဲတွေကို ပြည်သူတွေ သိရှိနိုင်စေဖို့အတွက် ထည့်သွင်းဟောပြောပေးသွားမှာပါ"ဟု ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က "ဒီလိုပြပွဲပြုလုပ်ခြင်းအားဖြင့် ပြည်သူတွေရဲ့ စိတ်ဝင်စားမှုကို ပိုပြီးဖမ်းဆုပ်နိုင်ပါလိမ့်မယ်။ ပြီးတော့ ပြည်သူတွေဘက်ကနေကြည့်မယ်ဆိုရင်လည်း ဒီလိုပြခန်းပေါင်းရာချီပြီး အားပြိုင်ပြသမယ့် အိမ်ရာအရောင်းပြခန်းမှာ တစ်နေရာတည်း တစ်ထိုင်တည်း စုစုစည်းစည်း လေ့လာလို့ရကြပါလိမ့်မယ်။ ပြည်သူတွေကလည်း ကိုယ့်ရဲ့နိုင်တဲ့ဝန်ကိုချိန်ပြီး ဘယ်သူက ဝန်ဆောင်မှုကောင်းလဲ၊ အရစ်ကျစနစ်နဲ့ ဘယ်လို ရောင်းချပေးနေလဲဆိုတာကို ကြည့်ပြီး ဝယ်ယူနိုင်ကြမှာမို့ ဝယ်ယူကြမယ့် ပြည်သူတွေအတွက် အားသာချက်တွေက အများကြီးရှိပါတယ်။ ဒီလိုအိမ်ရာ အရောင်းပြပွဲဆိုတာက နိုင်ငံတကာမှာလည်း အမြဲတမ်းမပြတ် ကျင်းပနေတာဖြစ်ပြီး ရန်ကုန်မြို့ဟာဆိုရင်လည်း လူဦးရေက အမြဲတမ်းတိုးပွားနေမှုနဲ့ အိမ်ရာတွေကလည်း အမြဲမပြတ် ဆောက်လုပ် နေရတာကြောင့် ကျွန်တော်တို့နိုင်ငံမှာလည်း ခုလို အိမ်ရာ အရောင်းပါးတဲ့အချိန်မှာ အရောင်းမြှင့်တင်ဖို့က အမြဲတမ်းလိုအပ်နေမယ်လို့ ယူဆပါတယ်။ ခုလည်း ဒီပြပွဲမှာ ကုမ္ပဏီတွေက ပြည်သူတွေအတွက် ဈေးနှုန်းလျှော့ချ အပြိုင်အဆိုင် ဝန်ဆောင်မှုပေးမှာ ဖြစ်တဲ့အတွက် Developer တွေအတွက် အကျိုးရှိသလို လာရောက် လေ့လာဝယ်ယူအားပေးကြတဲ့ မိဘပြည်သူတွေအတွက်လည်း အကျိုးရှိမယ်လို့ယူဆမိပါတယ်"ဟု သုံးသပ်ပြောကြားသည်။

အဆိုပါ ဒုတိယအကြိမ် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ(၂၀၁၇)၌ ပြည်တွင်း၊ ပြည်ပ ဆောက်လုပ်ရေးကုမ္ပဏီပေါင်း ၆၀ ကျော်မှ ပြခန်းပေါင်း ၁၀၀ ကျော်ကို ဝင်ရောက်ခင်းကျင်းပြသကြမည်ဖြစ်ပြီး ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်းရှင်များ၏ ဟောပြောပွဲများအပြင် အခြားစိတ်ဝင်စားဖွယ်ရာအစီအစဉ်များ ပါဝင်မည်ဖြစ်ကာ ပြပွဲကာလအတွင်း နေ့စဉ် အိမ်သုံးလျှပ်စစ်ပစ္စည်းနှင့် မိုဘိုင်းဟန်းဆက်များကို ပြပွဲလာပြည်သူများအတွက် ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းနှင့် အိမ်ရာနှင့်အဆောက်အအုံဆိုင်ရာပြပွဲ (၂၀၁၆)ကို ပြီးခဲ့သည့်နှစ် စက်တင်ဘာလက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**



# ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ ပုဂံမြို့သို့ ရောက်ရှိ

**ပုဂံ မတ် ၁**
မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟော်နမ်ဟောင်နှင့်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီခွဲခန့်တွင် ပုဂံမြို့သို့ရောက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းခိုင်နှင့် တာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုဂံမြို့တွင်းရှိ ရွှေစည်းခုံဘုရား၊ ထီးလိုမင်းလိုဘုရားနှင့် အလိုတော်ပြည့်ဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ညနေ ၃ နာရီတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်လေ့လာပြီး အာနန္ဒာဘုရားနှင့် မြင်းကပါဂူပြောက်ကြီးဘုရားတို့အား သွားရောက်ဖူးမြော်ခဲ့သည်။ ယင်းနောက် ဦးဘငြိမ်းယွန်းထည်လုပ်ငန်းသို့ ဆက်လက်သွားရောက်လေ့လာခဲ့သည်။ **(အပေါ်ပုံ)** ညနေပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့အား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က Bagan Thiripyitsaya Sanctuary Resort ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**(ရာမည)**

# နေပြည်တော်စည်ပင်ဘဏ်လီမိတက် ပျဉ်းမနားဘဏ်ခွဲ ဖွင့်လှစ်

**နေပြည်တော် မတ် ၁**
နေပြည်တော်စည်ပင်ဘဏ်လီမိတက် ပျဉ်းမနားဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်အနီး၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက် အမှုဆောင်အရာရှိချုပ် ဦးခင်လတ်တို့က နေပြည်တော် စည်ပင်ဘဏ်လီမိတက် ပျဉ်းမနားဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးတင့်က နေပြည်တော်စည်ပင်ဘဏ်လီမိတက် ပျဉ်းမနားဘဏ်ခွဲ ဆိုင်းဘုတ်ကို နံနက် ၉ နာရီတွင် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် ဘဏ်ခွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များက ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် နေပြည်တော် စည်ပင်ဘဏ်လီမိတက် ပျဉ်းမနားဘဏ်ခွဲသည် ဆဌမမြောက်ဘဏ်ခွဲအဖြစ် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

နေပြည်တော် စည်ပင်ဘဏ်လီမိတက်အနေဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း မြို့ပြနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ လုပ်ငန်းများ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအောက်ရှိ ဈေးများတွင် ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးဆိုင်ခန်းရှင်များအား ချေးငွေများထုတ်ချေးခြင်း၊ နေပြည်တော် ကောင်စီနယ်မြေအတွင်း ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းရှင်များအား ချေးငွေထုတ်ချေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မကြာမီ တပ်ကုန်းဘဏ်ခွဲအား ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၀၇)**




# လှိုင်လင်မြို့နယ်နှင့် လားရှိုးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁**
မူးယစ်တပ်ဖွဲ့စု(၂၇)လှိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက်က ကာလိ-မိုင်းပျဉ်းသွားကားလမ်း၊ တာကော်ပူးပေါင်း စစ်ဆေးရေးစခန်းတွင် စိုင်းကော်စံလှ မောင်းနှင်ပြီး မအိန္ဒနှင့် ဦးတိယတို့ လိုက်ပါလာသည့် ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကို လည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၂၇ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာ အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ကားလမ်းပေါ်တွင် စိုင်းလောင်လှိုင်း မောင်းနှင်ပြီး မယဉ်ဝေငြိမ်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၅၀၀ ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



# စစ်တွေမြို့နယ်တွင် ဆေးခြောက်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁**
ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဒါးပိုင်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၃ နာရီခွဲက ဆေးခြောက် ကီလိုဂရမ် ၄၀ ခန့် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စစ်တွေမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် စစ်တွေမြို့နယ် ဒါးပိုင်ကျေးရွာနေ မာမောက်တာလီ၏သား အာမောက်တူဆောင်း(၃၀)နှစ်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသော ဆေးခြောက်အထုပ်သေး ၂၇ ထုပ်နှင့် အထုပ်ကြီး ခုနစ်ထုပ် စုစုပေါင်းအလေးချိန် ၄၀ ဒသမ ၁၇၀၁၄ ကီလိုဂရမ် ကာလတန်ဖိုးငွေကျပ် ၄၀၁၇၀၁၄၀ ခန့်အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ တစ်ရွာတည်းနေ အာမီဟူဆောင်းက ၎င်း၏ ဖခင် ဆွေယော့က ဆေးခြောက် ဆာလာအိတ်ထုပ် တစ်ထုပ်အား ခေတ္တသိမ်းဆည်းထားရန် ပြောကြားသဖြင့် လည်းကောင်း၊ တစ်ရွာတည်းနေ အဒူရာမန်ထံမှ ဆာလာအိတ်ထုပ်တစ်ထုပ်အား လည်းကောင်း နေအိမ်သို့ လာရောက်ပို့ဆောင်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးရမိသူ အာမောက်တူဆောင်းအား စစ်တွေမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများဖြစ်သော အာမီဟူဆောင်း၊ ဆွေယော့နှင့် အဒူရာမာန်တို့ အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၁**
ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ဖေဖော်ဝါရီ ၂၇ ရက်က နေအိမ်တစ်လုံး မီးလောင်ခဲ့ပြီး မောင်တောမြို့နယ်တွင် ဖေဖော်ဝါရီ ၂၈ ရက်က နေအိမ်ခုနစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် မိကျောင်းဈေးရွာသစ်ရပ်ကွက် (၁၃)တွင် ဖေဖော်ဝါရီ ၂၇ ရက် ည ၇ နာရီ မိနစ် ၅၀က မဆိုဘီယာ၏နေအိမ်၌ ဆီမီးခွက်မီးမှ တစ်ဆင့် ဝါးထရံအား မီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၃ နာရီခွဲတွင် မောင်တောမြို့နယ် နယ်မြေ(၂) လောင်းဘတ်ကျေးရွာနေ မဖာတေမာဟာတူ၏ နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုကြောင့် နေအိမ်ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

သို့ပါ၍ မဆိုဘီယာနှင့် မဖာတေမာဟာတူအား ရာဇသတ်ကြီး ပုဒ်မ (၂၈၅) အရ မီးပေါ့ဆမှုဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်ဆေးရုံ၌ တရားခံကလေးတစ်ဦး အတွင်းလူနာအဖြစ် ကုသမှုခံယူ

**နေပြည်တော် မတ် ၁**
ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် နယ်မြေ(၁၀) အမှတ်(၃)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲတွင် ထိန်းသိမ်းထားသော တရားခံကလေးတစ်ဦးမှာ ဘူးသီးတောင်မြို့နယ်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိကြောင်း သိရသည်။

ငါးခူရနယ်မြေစခန်းမှ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄(ကလေး) မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁)/(၂)နှင့် (ကလေး) လက်နက်ဥပဒေပုဒ်မများဖြင့် ထိန်းသိမ်းထားသော ယာဆိမ်း(၁၆)နှစ်သည် အစာအိမ်အောင့်၊ ကြွက်သားအားနည်းရောဂါဖြင့် ဘူးသီးတောင်ဆေးရုံတွင် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၆ ရက်အထိ ဆေးရုံတက်ရောက် ကုသမှုခံယူခဲ့ရာမှ ယခုအခါ အတွင်းလူနာအဖြစ် ထပ်မံတက်ရောက် ကုသမှု ခံယူနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တစ်နှစ်လုပ်ခ ပေါင် ၃၈ သန်းဖြင့် ကမ်းလှမ်းမှုကြောင့် ကော်စတာ ကို ချယ်လ်ဆီး ခက်ခက်ခဲခဲ ထိန်းသိမ်းရဖွယ်ရှိ



ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာကို တရုတ်စူပါလိဂ်ကလပ်အသင်းတစ်ခုမှ တစ်နှစ်လုပ်ခ ပေါင် ၃၈သန်းအထိ ထပ်တိုး ကမ်းလှမ်းလိုက်ရာ ချယ်လ်ဆီးအနေဖြင့် ကော်စတာကို ခက်ခက်ခဲခဲ ထိန်းသိမ်းရဖွယ်ရှိနေသည်။ ကော်စတာမှာ လက်ရှိတွင် သွင်းဂိုး ၁၆ဂိုးအထိ သွင်းယူထားနိုင်ပြီး ယခုကမ်းလှမ်းမှုက ချယ်လ်ဆီးအသင်းအတွက် ကစားသမားတစ်ဦးကို အောင်မြင်မှုဖြင့် ရေရှည် ထိန်းသိမ်းနိုင်ခြင်းရှိ၊ မရှိဆိုသည်ကို စမ်းသပ်ခံမည့် ပွဲလည်းဖြစ်လာမည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းက မိမိတို့တိုက်စစ်မှူးမှာ အရောင်းစာရင်းတွင် ပါဝင်သည့် ကစားသမားမဟုတ်ကြောင်း ပြတ်ပြတ်သားသား တုံ့ပြန်လိုက်သော်လည်း မြင့်မားသည့် လစာနှုန်းထားကြောင့် ကော်စတာမှာ စူပါလိဂ်သို့ သွားရောက်ကစားရန် တစ်ဖန် စဉ်းစားလာပြီဖြစ်သည်။

ကော်စတာက ယခုနှစ် ရာသီကုန်အထိ ချယ်လ်ဆီး အသင်းတွင်သာ ဆက်နေမည်ဟု ကတိပြုထားသော်လည်း အနာဂတ်ကိစ္စရပ်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ အာမခံချက်မပေးထားရာ တရုတ်စူပါလိဂ်အသင်းများ၏ မြောက်မြားစွာသော လစာနှုန်းထားဖြင့် ကမ်းလှမ်းမှုက ချယ်လ်ဆီအတွက်ခေါင်းခဲစရာဖြစ်နေသည်။ ကော်စတာကို တရုတ်ဘီလျံနာသူဌေး ရှုယူဟိုင်းပိုင် တီယန်ကျင်းကွမ်ဂျင်း အသင်းက ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး ကော်စတာ စူပါလိဂ်ရောက်ရှိရေးအတွက် ငွေကြေးအလုံအလောက် ထုတ်ထားပေးပြီးဖြစ်ကြောင်း သိရသည်။ ရှုယူဟိုင်းက ကော်စတာကို ပြီးခဲ့သည့် ဇန်နဝါရီဈေးကွက်အတွင်းခေါ်ယူရန် ကြိုးပမ်းခဲ့သည်ဆိုသည်ကို အတည်ပြုပြောကြားခဲ့သည်။ ၎င်းကပင် “ သီအိုရီကျကျ ပြောရရင် ကျွန်တော်တို့အသင်း အနေနဲ့ကစားသမားဝယ်ဖို့ ငွေကြေးကန့်သတ်လုပ်စရာမရှိပါဘူး။ ဒါပေမယ့် ခေါ်ယူချင်တဲ့ကစားသမားတွေဟာ အသင်းကိုလာရောက်ပူးပေါင်းဖို့တွန့်ဆုတ်နေတာတော့ အမှန်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်စတာနဲ့ အခြားကြယ်ပွင့်ကစားသမားတွေ အများအပြားကိုခေါ်ယူဖို့ ကြိုးပမ်းခဲ့ပါတယ်။ အချို့ကစားသမားတွေက လာမယ့်ဇွန်လကျရင် ကစားသမားသစ်တွေ အသင်းကိုရောက်လာဖို့ရှိနေပြီး ကော်စတာ(သို့မဟုတ်) သူ့လို အဆင့်တစ်ရပ်မှာ ရှိနေတဲ့ ကစားသမားတွေ လာရောက်ပါလိမ့်မယ်”ဟု အတည်ပြုပြောကြားခဲ့သည်။

## ဘောလုံးပေးပို့မှု ၁၀၀၀ ကျော် ပြုလုပ်နိုင်ခဲ့တဲ့ ပရီမီယာလိဂ် ပထမဆုံး ကစားသမားဖြစ်လာတဲ့ ပေါလ်ပေါ့ဘာ



မန်ယူကွင်းလယ်လူ ပေါလ်ပေါ့ဘာသည် ပြိုင်ဘက် ဧရိယာအတွင်းဘောလုံးပေးပို့မှု အကြိမ် ၁၀၀၀ကျော် ပြုလုပ်ခြင်းဖြင့် ပရီမီယာလိဂ် ကစားသမားများထဲတွင် ဘောလုံးပေးပို့မှု အကြိမ်အများဆုံး ပြုလုပ်နိုင်သည့် ကစားသမားဖြစ်လာခဲ့ကြောင်း စာရင်းဇယား အချက်အလက်များ၏ ထုတ်ပြန်ချက်အရသိရသည်။ ယခုကဲ့သို့ သူ၏ ပြိုင်ဘက် ကစားသမားများကို ကျော်ဖြတ်ဘောလုံးပေးပို့မှု ပြုလုပ်နိုင်ခြင်းက ပရီမီယာလိဂ်သို့ ဒုတိယအကြိမ် ပြန်လည်ခြေချချိန်တွင် အခြားကစားသမားများထက် ခေါင်းတစ်လုံးပိုမြင့်နေသည့် သူ၏ စွမ်းဆောင်ရည်ကို သက်သေထူနိုင်ခြင်းလည်းဖြစ်ခဲ့သည်။

ပေါ့ဘာသည် ပြိုင်ဘက် ဧရိယာအတွင်းဘောလုံးပေးပို့မှုပေါင်း ၁၀၂၉ကြိမ် ပြုလုပ်နိုင်သဖြင့် ဒုတိယအကြိမ်ရေ အများဆုံးပြုလုပ်နိုင်သည့် လီဗာပူးကွင်းလယ်လူ ဂျော်ဒန်ဟန်ဒါဆန်ထက် ၄၂ ကြိမ် သိသိသာသာ အသာရနေသည်ကိုလည်း တွေ့ရသည်။ ယင်းနောက် အာဆင်နယ်ကွင်းလယ်လူ မီဆပ်အိုဇေးလ်က ၉၅၄ကြိမ်ဖြင့် တတိယ၊ မန်စီးတီး ကွင်းလယ်လူ ဒေးဗစ်ဆေးလ်ဗားက အကြိမ် ၉၃၀၊ ချယ်လ်ဆီးမှ အေဒင်ဟာဇက်က ၈၇၅ ကြိမ်၊ မန်ယူမှ ဟာရဲရားက ၈၇၂ ကြိမ် စသဖြင့် အစဉ်လိုက်ရပ်တည်နေကြသည်။ အသက်အရွယ်အားဖြင့်လည်း ပေါ့ဘာမှာ ၂၃နှစ်သာရှိသေးရာ အခြားပရီမီယာလိဂ် ထိပ်တန်းအသင်းများဖြစ်သည့် လီဗာပူး၊အာဆင်နယ်၊ ချယ်လ်ဆီး ၊ မန်စီးတီး စသည့် အသင်းများမှ ကစားသမားများထက် သိသိသာသာငယ်ရွယ်နေသေးသဖြင့် မန်ယူအသင်းအတွက် ကာလကြာရှည် အားကိုးရမည့် ကစားသမားတစ်ဦးကို မော်ရင်ဟို မှန်ကန်စွာ ဝယ်ယူနိုင်ခြင်းဖြစ်ကြောင်း အီးအေစပို့က သုံးသပ်သည်။ ယခု ထွက်ပေါ်လာသော အချက်အလက်များအရ ဟာရဲရားသည်လည်း ဘောလုံးပေးပို့မှု ၈၇၂ကြိမ်အထိပြုလုပ်နိုင်သဖြင့် နည်းပြ မော်ရင်ဟို ဘာကြောင့် ဟာရဲရားနှင့် ပေါ့ဘာအတွဲအဖက်ကိုသာ ကွင်းလယ်နေရာတွင် အထိုင်ချ ကစားခိုင်းစေသည် ဟူသော အဖြေကိုပါ ရှင်းပြီးသားဖြစ်စေသည်။ ချယ်လ်ဆီးကွင်းလယ်လူ ကန်တီမှာ ပေါ့ဘာထက် ဘောလုံးပေးပို့မှု အကြိမ် ၂၀၀လျော့နည်းပြီး ၈၀၉ကြိမ်သာ ပြုလုပ်နိုင်သော်လည်း ပရီမီယာလိဂ်အကောင်းဆုံးကစားသမားအဖြစ် နာမည်ထွက်နေခြင်းမှာ အငြင်းပွားစရာကောင်းနေသည်။သို့ရာတွင် ချယ်လ်ဆီးမှာ ပရီမီယာလိဂ်အမှတ်ပေး ဇယားအဆင့်(၁)နေရာကို ရမှတ်ပြတ်ဖြင့် ဦးဆောင်နိုင်ခြင်းက ကန်တီကို ပရီမီယာလိဂ်အကောင်းဆုံးကွင်းလယ်ကစားသမား အဖြစ် သတ်မှတ်စေခြင်းဖြစ်မည်ဟု ဘီတီကပင် သုံးသပ်အဖြေထုတ်ခဲ့သည်။

# လှုပ်လှုပ်ရှားရှား အပြောင်းအရွှေ့သတင်းများ

မေလှဲ့သင်း - ရေးသားသည်


*ကစားသမား အပြောင်းအရွှေ့ဟာ တစ်နှစ်မှ နှစ်ကြိမ်သာ ဖွင့်လှစ်ပေမယ့် အသင်းအချင်းချင်းချိတ်ဆက်နေမှုနဲ့ ကစားသမားတွေရဲ့ အေးဂျင့်တွေကနေတစ်ဆင့် ချိတ်ဆက်မှုတွေကတော့ အမြဲရှိနေပါတယ်။ ဥရောပအင်အားကြီးလိဂ်တွေဖြစ်တဲ့ လာလီဂါ၊ စီးရီးအေ၊ ပရီမီယာလိဂ်နဲ့ ဘွန်ဒက်စ်လီဂါတို့ဆီကနောက်ဆုံး အပြောင်းအရွှေ့အချို့ကို ထုတ်နုတ်တင်ဆက်လိုက်ပါတယ်။*

## ဖာဘရီဂတ်စ်ကို ခေါ်ယူရန် မန်ယူ ကြိုးပမ်း




မန်ယူအသင်းက ချယ်လ်ဆီးမှာ ပုံမှန်ပွဲထွက် ခွင့်ပျောက်နေတဲ့ ဖာဘရီဂတ်စ်ကို ခေါ်ယူဖို့ ခုကတည်းက ပြင်ဆင်နေတယ်လို့ သိရပါတယ်။ မန်ယူနည်းပြ မော်ရင်ဟိုဟာ ဖာဘရီဂတ်စ်ရဲ့ ပရိသတ်ဖြစ်ပြီး ဒီကစားသမားကို ချယ်လ်ဆီးအသင်းဆီ ခေါ်ယူခဲ့တဲ့ နည်းပြလည်းဖြစ်ပါတယ်။ ဒါပေမယ့် မန်ယူဟာ ဖာဘရီဂတ်စ်အတွက် အင်တာမီလန်အသင်းနဲ့ ယှဉ်ပြိုင်ရဖွယ်ရှိပေမယ့် ပြောင်းရွှေ့ကြေး ပေါင် ၂၇သန်းပေးချေမယ့် ဘယ်အသင်းကိုမဆို အာဆင်နယ်အသင်း ခေါင်းဆောင်ဟောင်းကို ရောင်းချခံရဖွယ်ရှိနေတာကြောင့် မန်ယူကို ဖာဘရီဂတ်စ်ရောက်လာဦးမလား စိတ်ဝင်စားစရာကောင်းပါတယ်။ တကယ်လို့ ဖာဘရီဂတ်စ်သာ မန်ယူပြောင်းသွားရင် ပရီမီယာလိဂ် ထိပ်တန်းအသင်းသုံးခုမှာ အခြေချကစားဖူးတဲ့ ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်သွားပါလိမ့်မယ်။

## ရီးယဲလ်မှ ရီးယဲလ်ဖြစ်နေတဲ့ အဂူရို



မန်စီးတီးတိုက်စစ်မှူး အဂူရိုဟာ လာမယ့်နွေဈေးကွက်အတွင်း စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်ကို ပြောင်းရွှေ့ဖို့ စိတ်အား ထက်သန်နေတယ်လို့ သိရပါတယ်။ လူငယ်တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်ဇ် ပေါ်ထွက်လာခြင်းနဲ့အတူ အဂူရိုလည်း အရန်ခုံပေါ် ရောက်ရှိသွားရပါတယ်။ မန်စီးတီးရဲ့ တိုက်စစ်လမ်းကြောင်းကို နှစ်ပေါင်းများစွာဦးဆောင်ခွင့်ရလာတဲ့ အဂူရိုအနေနဲ့ အရန်ခုံပေါ် အချိန်ကုန်ဆုံးမှာကို မလိုလားတာကြောင့် ဒီနှစ်နွေမှာ ရီးယဲလ်ကို ပြောင်းရွှေ့ဖို့ တထစ်ချ ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ အဂူရိုဟာ အက်သလက်တီကို အသင်းနဲ့ အတူ ထင်ရှားလာတဲ့ ကစားသမားတစ်ဦးဖြစ်တာကြောင့် တကယ်လို့ ရီးယဲလ်ကိုသာ ပြောင်းဖြစ်ရင် မက်ဒရစ် မြို့ခံနှစ်သင်းစလုံးမှာ ကစားတဲ့ ကစားသမားလည်းဖြစ်လာပါလိမ့်မယ်။ အဂူရိုကို ခေါ်ယူချင်ရင် ပြောင်းရွှေ့ကြေး ပေါင် သန်း၆၀အထက် ပေးချေရဖွယ်ရှိနေတာကြောင့် ရီးယဲလ်၊ ပီအက်စ်ဂျီအသင်းတွေလောက်သာ သူ့ကို ခေါ်ယူနိုင်ခြေရှိနေပါတယ်။

## ဒီမာရီယာကို ရောင်းချဖို့ ပီအက်စ်ဂျီပြင်



ပြင်သစ် ပထမတန်းကလပ် ပီအက်စ်ဂျီက ဒီမာရီယာကို တရုတ်စူပါလိဂ် အသင်းတွေဆီ ကြေးကြီးကြီးနဲ့ ပြန်လည် ရောင်းချဖို့ ကြိုးပမ်းနေပါတယ်။

ဒီမာရီယာဟာ ယခုနှစ် ရာသီအစမှာ ခြေစွမ်းကျဆင်းနေခဲ့ပေမယ့် ဒုတိယရာသီဝက်မှာတော့ အတော်လေး ခြေစွမ်းပေါ် အောင်ကစားထားနိုင်သူပါ။ ဒါပေမယ့် ပီအက်စ်ဂျီက ပြောင်းရွှေ့ကြေး များများသာ ပြန်ရရင် ဒီမာရီယာကို ထုတ်ရောင်းဖို့ရှိနေသလို ကစားသမားရဲ့ အေးဂျင့်ကလည်း တရုတ်စူပါလိဂ်အသင်းတွေရဲ့ ချိတ်ဆက်မှုကို လက်သင့်ခံဆွေးနွေးမှုတွေ လုပ်ဆောင်နေတယ်လို့ သိရပါတယ်။

## ဖီအိုရင်တီးနားတိုက်စစ်မှူး လုပွဲမှာ ပါဝင်လာတဲ့ ဂျူဗင်တပ်



ဂျူဗင်တပ် အသင်းဟာ မန်ယူ၊ ချယ်လ်ဆီးတို့က ပစ်မှတ်ထားနေတဲ့ ဖီအိုရင်တီးနားတိုက်စစ်မှူး ဖီဒီရီကို ဘာနာဒက်ရှ်ချီ ရရှိရေး ပြိုင်ပွဲအတွင်း ဝင်ရောက်လာခဲ့ပါတယ်။ အသက်(၂၃) နှစ်အရွယ် ဘာနာဒက်ရှ်ချီဟာ အီတလီမြေမှာ “ ဘက်ဂီယိုလက်သစ်” အဖြစ် လည်း ကျော်ကြားသူပါ။ ယခုနှစ်ဘောလုံးရာသီအတွင်း သွင်းဂိုး ၁၀ ဂိုး သွင်းယူပေးနိုင်ခဲ့ပြီးနောက်မှာ အီတလီနဲ့ အင်္ဂလန် ထိပ်တန်း ကလပ်တွေက သူ့ကို မျက်စိကျလာကြတာဖြစ်ပါတယ်။

## မိုနာကို ကစားသမားလေးဦးအတွက် ပေါင်သန်း ၁၄၀ ကုန်ကျခံမယ့် မန်စီးတီး



မန်စီးတီးနဲ့ မိုနာကို အသင်းတို့ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်ရဲ့ နောက်ဆက်တွဲအဖြစ် မိုနာကိုကစားသမားလေးဦးလောက်ကို မန်စီးတီးနည်းပြ ဂွါဒီယိုလာ မျက်စိကျသွားခဲ့ပါတယ်။ ဒါကြောင့်လည်း မန်စီးတီးအသင်းက မိုနာကိုကစားသမားလေးဦးအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၄၀ အသုံးပြု ခေါ်ယူဖို့ပြင်ဆင်နေတာဖြစ်ပါတယ်။ ဆယ်ကျော်သက်လူငယ်ကစားသမားလေး မက်ပီအတွက် ပေါင်သန်း၅၀သုံးစွဲမယ်လို့ ပစ်မှတ်ထားနေတဲ့ အပြင် နောက်ခံလူ ဖာဘင်ဟိုနဲ့ ဘန်ဂျမင် မန်ဒီ၊ ကွင်းလယ်တိုက်စစ်ကစားသမား သောမတ်စ်လီမာတို့ကိုပါ တစ်ပြိုင်နက်တည်း ကမ်းလှမ်းသွားမှာဖြစ်ပါတယ်။ ဂွါဒီယိုလာက ကျန်ကစားသမားသုံးဦးပေါင်းကို ပေါင်သန်း ၉၀နဲ့ ကမ်းလှမ်းသွားမှာဖြစ်တယ်လို့ သိရပါတယ်။

# မုံရွာဆိပ်ကမ်းမှ နေ့စဉ်ပြေးဆွဲနေသော ရေယာဉ်များ အန္တရာယ်ကင်းရှင်းရေး ပူးပေါင်းအဖွဲ့ဖြင့် နေ့စဉ်စစ်ဆေး



**မုံရွာ မတ် ၁**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာဆိပ်ကမ်းမှ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ခရီးသည်နှင့် ကုန်တင်ပြေးဆွဲနေသည့် ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးနှင့် သတ်မှတ်စည်းကမ်းများ လိုက်နာစေရေးအတွက် ပူးပေါင်းအဖွဲ့မှ နေ့စဉ်စစ်ဆေးလျက်ရှိကြောင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်စိုးကျော်က ပြောသည်။

ပူးပေါင်းအဖွဲ့တွင် ရဲတပ်ဖွဲ့၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီတို့ပါဝင်ပြီး နေ့စဉ်နံနက် ၄ နာရီခွဲမှ စတင်ကာ စစ်ဆေးနေခြင်းဖြစ်သည်။

"ရေယာဉ်တွေ လိုင်စင်ထုတ်ပေးရာမှာ ရေယာဉ်တစ်စီး စတင်မတည်ဆောက်ခင်ကတည်းက ပုံစံဆွဲပြီး ဌာနကိုတင်ပြရမယ်။ ဌာနက ခွင့်ပြုချက်ပုံစံနဲ့ အလျား၊ အနံ၊ ရေစူးစသဖြင့် ညီညွတ်မှ ခရီးသည်တင်ရေယာဉ်နဲ့ ကုန်တင်ရေယာဉ်ခွဲခြား မှတ်ပုံတင်ပေးပြီး ရေကြောင်းသွားလာတဲ့အခါ ရေယာဉ်လိုင်စင်၊ ရေယာဉ်အုပ်လိုင်စင် စတာတွေအပြင် ခရီးသည်တွေ ဘေးကင်းလုံခြုံရေးအတွက် အသက်ကယ်အကျီတွေ အလုံအလောက်ပါဖို့ စစ်ဆေးတယ်" ဟု ၎င်းကပြောသည်။

မုံရွာမြို့ဆိပ်ကမ်းအခြေပြုပြေးဆွဲနေသည့် ခရီးသည်တင်ရေယာဉ်အသင်းများမှာ ရွှေနဒီအသင်းတွင် အစီး ၂၀၊ မိုးဇင်သောအသင်းတွင် အစီး ၂၀၊ MGRG နှင့် ငွေဇင်ဦးအသင်းတွင် ၁၉ စီး၊ ချင်းတွင်းညီနောင်အသင်းတွင် ၁၅ စီး၊ ရွှေပြည်ကမ္ဘာအသင်းတွင် ၁၅ စီး၊ မြန်မာဇမ္ဗူထွန်းအသင်းတွင် ငါးစီး၊ ရွှေဇင်ထွန်းအသင်းတွင် ၁၀ စီး၊ အောင်စိုးမိုးရေယာဉ်အသင်းတွင် ရှစ်စီး စုစုပေါင်း ၁၁၂ စီးနှင့် ကုန်တင်ရေယာဉ် ၅၄၄ စီး စုစုပေါင်းရေယာဉ် အစီးရေ ၆၅၆ စီး ပြေးဆွဲနေကြောင်း သိရသည်။

"မုံရွာနဲ့ နမ့်တောရွာကို တစ်လကို သုံးခေါက်ထက်မနည်း သွားနေရတာ။ ခရီးသည်တင်ရေယာဉ်တွေမှာတော့ ခရီးရှည်စီးရတာ မသက်သာဘူး။ ထိုင်ခုံတွေက ကျပ်လွန်းလို့ အဲဒါလေးလုပ်ပေးစေချင်တယ်။ ကျန်တဲ့အပိုင်းတွေ စစ်ဆေးရေးလုပ်နေတဲ့အတွက် အဆင်ပြေတယ်"ဟု ခရီးသည်တစ်ဦးက ပြောသည်။

ပုဂ္ဂလိက ရေယာဉ်များထွက်ခွာပါက ထွက်ခွာမှုကို တစ်ရက်ကြိုတင်သတင်းပို့ရန်၊ တင်ဆောင်မည့်ပစ္စည်းများနှင့် ခရီးသည်ဦးရေတို့ကို မှတ်တမ်းတင်ခြင်းနှင့် ညနေ ၆ နာရီကျော်တွင် ခုတ်မောင်းခြင်းမရှိရန်တို့ကို စိစစ်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရေး အိမ်သုံးဆိုလာပစ္စည်းများထောက်ပံ့

**ညောင်ဦး မတ် ၁**
သစ်တောများပြုန်းတီးမှုကြောင့် ဖြစ်ပေါ်နေသည့် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုဆိုးကျိုးများအား အကာအကွယ်ပေးနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သစ်တောရေးရာဝန်ကြီး H.E Xie Zhenhua သည် တရုတ်နိုင်ငံ (National Development and Reform Commission – NDRC) မှ တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ နေပြည်တော် (လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန)မှ ညွှန်ကြားရေးမှူး ဦးတင့်ဆွေ၊ ညောင်ဦးခရိုင် သစ်တောဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက ညောင်ဦးမြို့နယ် ဇီးအိုကျေးရွာသို့ သွားရောက်၍ ဒေသခံကျေးလက်နေပြည်သူများအတွက် တရုတ်နိုင်ငံ (NDRC) မှ ထောက်ပံ့ပေးထားသည့် စွမ်းအားမြင့်မီးဖိုနှင့် မီးလင်းရေးအတွက် ဆိုလာပစ္စည်းများ သုံးစွဲနေမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းကြည့်ရှုရာတွင် ဇီးအိုကျေးရွာတွင် တရုတ်နိုင်ငံ (NDRC) မှ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အကူအညီအနေဖြင့် စွမ်းအားမြင့်မီးဖို ထောက်ပံ့ပေးထားသည့် ဒေသခံများ၏နေအိမ်သို့ သွားရောက်ပြီး စွမ်းအားမြင့်မီးဖို အသုံးပြုခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများကို ဒေသခံပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနောက် တရုတ်နိုင်ငံက သစ်တောရေးရာဝန်ကြီး H.E Xie Zhenhua နှင့် တာဝန်ရှိသူများအဖွဲ့သည် ညောင်ဦးမြို့နယ် ချောက်ကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး သစ်တောများပြုန်းတီးမှုကြောင့်ဖြစ်ပေါ်နေသည့် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုဆိုးကျိုးများအား လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်ရန်လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရေးအတွက် ဒေသခံကျေးလက်နေအမျိုးသမီးများအနေဖြင့် စွမ်းအားမြင့်မီးဖိုများအား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန်နှင့် တစ်ဖက်တစ်လမ်းမှ မိသားစုအပိုဝင်ငွေရရှိရေးအတွက် တရုတ်နိုင်ငံထုတ် စွမ်းအားမြင့်မီးဖိုများကို အမျိုးသမီးများကိုယ်တိုင် တစ်ပိုင်တစ်နိုင် ထုတ်လုပ်ရောင်းချနိုင်ရန် လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း ရင်နှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားဖွံ့ဖြိုးမှုနှင့် ပြုပြင်ပြောင်းရေးကော်မရှင် (National Development and Reform Commission – NDRC) မှ မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ညောင်ဦးမြို့နယ်အတွင်း ကျေးရွာအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ထားရှိသည့် ဇီးအိုကျေးရွာနှင့် ချောက်ကန်ကျေးရွာတို့ကိုရွေးချယ်၍ လုပ်ငန်းများ စတင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရပြီး ဇီးအိုကျေးရွာမှ (CF) အဖွဲ့ဝင် ၁၂ ဦးအတွက် တရုတ်နိုင်ငံထုတ် စွမ်းအားမြင့်မီးဖို ၁၂ လုံးနှင့် ကျေးရွာအတွက် မီးအသုံးပြုနိုင်ရေး ဆိုလာပစ္စည်းများ၊ ချောက်ကန်ကျေးရွာမှ (CF) အဖွဲ့ဝင်ကိုးဦး၊ တရုတ်နိုင်ငံထုတ် စွမ်းအားမြင့်မီးဖို ကိုးလုံးနှင့် ကျေးရွာအတွက် မီးအသုံးပြုနိုင်ရေး ဆိုလာပစ္စည်းများကို ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထောက်ပံ့ပေးထားလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပုပ္ပားတောင်ဥယျာဉ် သဘာဝထိန်းသိမ်းရေးနယ်မြေ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲနိုင်ရေး ဒေသခံများနှင့်ဆွေးနွေး

**ကျောက်ပန်းတောင်း မတ် ၁**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဥယျာဉ် သဘာဝထိန်းသိမ်းရေးနယ်မြေ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်ရေးအတွက် ဒေသခံကျေးရွာများနှင့် လူမှုရေးအသင်းအဖွဲ့များပါဝင်သော ပဏာမအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီခွဲမှစတင်၍ ပုပ္ပားတောင်ဥယျာဉ်ရှိ ပညာပေးပြခန်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဦးဝင်းနိုင်သော် (ညွှန်ကြားရေးမှူး) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(နေပြည်တော်) က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ပုပ္ပားတောင်ကြီးနှင့် ပတ်ဝန်းကျင်ဒေသတစ်ခုလုံး၏ ရေ၊ မြေ၊ တောတောင် သဘာဝသယံဇာတများကို နောင်နှစ်ပေါင်းရာထောင်တည်တံ့ခိုင်မြဲနေစေရေးအတွက် ဒေသခံကျေးရွာပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သည့် အဖွဲ့အစည်းငယ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့်မိတ်ဖက်ဌာနများ၊ လူမှုရေးအသင်းဝင်များ၊ ဒေသခံကျေးရွာကိုယ်စားလှယ်များနှင့် ပုပ္ပားတောင်ဥယျာဉ်ဝန်ထမ်းများပါဝင်သည့် အဖွဲ့လေးဖွဲ့ခွဲ၍ ပုပ္ပားတောင်ဥယျာဉ်၏ ထိရောက်သောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းရန်၊ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် အဓိကဆောင်ရွက်သင့်သည့် အကြောင်းအရာများ၊ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများနှင့် ဒေသခံကျေးရွာများ၏ လူမှုစီးပွားဘဝများ တိုးတက်ရေးပံ့ပိုးပေးရန်လိုအပ်မည့်လုပ်ငန်းများကို အဖွဲ့အလိုက် အကြံပြုဆွေးနွေးကြပြီး အကြံပြုချက်များကို တစ်ဖွဲ့ခြင်းအလိုက်ရှင်းလင်းတင်ပြခြင်း၊ ဆွေးနွေးမေးမြန်းခြင်းများဆောင်ရွက်ကြသည်။ ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲအနှစ်ချုပ်ကို အလုပ်အမှုဆောင်ဒါရိုက်တာ (BANCA) က စုစည်းတင်ပြသည်။

ဆွေးနွေးပွဲသို့ ဦးဝင်းနိုင်သော်(ညွှန်ကြားရေးမှူး) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (နေပြည်တော်)၊ ဒေါက်တာနေစိုးမောင် အလုပ်အမှုဆောင်ဒါရိုက်တာ (BANCA)၊ ဒေါက်တာသီရိဒေဝီအောင်၊ စီမံကိန်းမန်နေဂျာ (BANCA)၊ ကျောက်ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုနှင့် ဌာနဆိုင်ရာများ၊ ပုပ္ပားတောင်ချစ်သူများအသင်းနာယက ဆရာတော်ဦးယုဇနနှင့် အသင်းဝင်များ၊ ဒေသခံကျေးရွာ ၄၅ ရွာမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ (NEA) ၏ ပံ့ပိုးမှုဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနလက်အောက်ရှိ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနနှင့် ဇီဝမျိုးစုံမျိုးကွဲဌာနနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) တို့မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ကျေးရွာများသို့ သီးနှံခြွေလှေ့စက်နှင့် ဆက်စပ်ပစ္စည်းများပေးအပ်

**မြင်းခြံ မတ် ၁**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီခွဲက ပြည်တွင်းဖြစ် ခြွေလှေ့စက်များပေးအပ်ခြင်းကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခြွေလှေ့စက်နှင့် ဆက်စပ်ပစ္စည်းများပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျင်မောင်၊ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်လင်းတို့က အမှာစကားပြောကြားခဲ့ပြီး ကုသလမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ နည်းပညာရှင် Mr.Karma က ခြွေလှေ့စက်များအကြောင်း၊ UNDP လက်အောက်ခံ Cesvi အဖွဲ့မှ စီမံကိန်းမန်နေဂျာ ဦးမျိုးမင်းအောင်က ခြွေလှေ့စက်များပေးအပ်ခြင်းအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျေးရွာ ၂၉ ရွာမှ တောင်သူများသို့ ခြွေလှေ့စက်နှင့် ဆက်စပ်ပစ္စည်းများကို တာဝန်ရှိသူများကပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ခြွေလှေ့စက်နှင့် ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံအပူပိုင်းဒေသတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံရေးတို့အပေါ် ထိခိုက်နိုင်ခြေများအား စီမံဖြေရှင်းရေးစီမံကိန်းမှ ပေးအပ်ခြင်းဖြစ်ပြီး စပါးခြွေလှေ့စက်ငါးလုံး၊ ပဲခြွေလှေ့စက် ၂၄ လုံးတို့အား စီမံချက်အရပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ကိုင်တွယ်ပြုပြင်နည်းများကိုလည်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ရေယာဉ်လုပ်ငန်းရှင်များအား အာမခံလုပ်ငန်းအကြောင်းရှင်းလင်း

**မြောင်းမြ မတ် ၁**
မြို့နယ်အတွင်းရှိ မြစ်ကြောင်းများတွင် ပြေးဆွဲနေသော ရေယာဉ်ငယ်များ၊ ပြေးဆွဲလုပ်ကိုင်နေသည့် ရေယာဉ်ပိုင်ရှင်များအား အသိပညာပြန့်ပွားရေးအတွက် အသိပေးဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်က မြို့နယ်ရေယာဉ်ပိုင်ရှင်များအသင်း၌ ကျင်းပကြောင်း သိရသည်။

ရေယာဉ်လုပ်ငန်းရှင်များနှင့် ရေယာဉ်လုပ်သားများအတွက် အာမခံအကာအကွယ်ရရှိနိုင်ပြီး နိုင်ငံတော် ဝင်ငွေတိုးတက်စေရန်ရည်ရွယ်ကြောင်း မြောင်းမြခရိုင် အာမခံလုပ်ငန်း ခရိုင်တာဝန်ခံ ဒေါ်စန္ဒာဇော်မင်းက ဆွေးနွေးပွဲ၌ ပြောကြားသည်။

မြောင်းမြမြို့နယ်တွင် မြန်မာ့အာမခံလုပ်ငန်းကို အသက်အာမခံ၊ သူတစ်ပါးထိခိုက်မှု အာမခံ၊ မီးအာမခံ၊ ရေကြောင်းကုန်ပစ္စည်း အာမခံနှင့် ခရီးသွားအာမခံတို့ကို ပြုလုပ်ပေးလျက်ရှိပြီး ရေယာဉ်လုပ်သားများ အကာအကွယ်ရရှိရေးအတွက် ရေယာဉ်လုပ်ငန်းရှင်များ တာဝန်ရှိမှု အာမခံကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲတွင် မြို့နယ်ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက အမှာစကားပြောကြားခြင်း၊ မြန်မာ့အာမခံလုပ်ငန်း ခရိုင်တာဝန်ခံ ဒေါ်စန္ဒာဇော်မင်းက အာမခံလုပ်ငန်း အကြောင်းရှင်းလင်းခြင်း၊ တက်ရောက်လာသော ရေယာဉ်ပိုင်ရှင်များက ပြန်လည်မေးမြန်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အာမခံလုပ်ငန်းမှ ဝန်ထမ်းများ၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ အာမခံလုပ်ငန်း ကိုယ်စားလှယ်များ၊ မြို့နယ်ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များနှင့် ရေယာဉ်ပိုင်ရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

# လျှပ်စစ်မီးလင်းရေး စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာများအား သရုပ်ပြပွဲကျင်းပ

**လှိုင်းဘွဲ့ မတ် ၁**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တစ်မျိုးသားလုံး လျှပ်စစ်မီးလင်းရေးစီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာများအား သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ဥဒေါင်းကျေးရွာ၌ ကျင်းပခဲ့သည်။

တစ်မျိုးသားလုံး လျှပ်စစ်မီးရရှိရေးစီမံချက်အား ၂၀၁၆-၂၀၁၇ ခုနှစ်မှစတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် (NEP) ကို နိုင်ငံတော်ဘတ်ဂျက်၊ ကမ္ဘာ့ဘဏ် ချေးငွေ၊ ပြည်သူအချိုးကျထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

(NEP) စီမံချက်တွင် မဟာဓာတ်အားလိုင်းပြင်ပ ကျေးရွာမီးလင်းရေးဆောင်ရွက်ရန် အိမ်သုံးဆိုလာစနစ်ကို အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုအသုံးပြု၍ ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်ပညာရှင်များက ကွင်းဆင်းလေ့လာပြီး အသုံးပြုပြည်သူများအနေဖြင့် မိမိစိုက်ထုတ်ငွေပါဝင်ခြင်းဖြင့် မိမိပိုင်ပစ္စည်းအဖြစ်သတ်မှတ်၍ ရေရှည်ထိန်းသိမ်းစောင့်ရှောက်မှုရှိပြီး အပျက်အစီးနည်းပါး၍ သက်တမ်းကြာရှည်စွာသုံးစွဲနိုင်ရေးအတွက် ကျေးရွာ ၁၁ ရွာရှိ ကျေးရွာမီးလင်းရေးကော်မတီဝင်များအား လက်တွေ့သရုပ်ပြ၍ ရှင်းလင်းခဲ့သည်။

အဆိုပါ ကျေးရွာ ၁၁ ရွာရှိ အခြေခံပညာကျောင်းများ၊ သာသနာရေးနှင့် ကျေးလက်ဆေးပေးခန်းများအတွက် လျှပ်စစ်မီးတိုင် လေးတိုင်နှုန်းဖြင့် အခမဲ့ဝန်ဆောင်မှုများကို ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# လမ်းသန့်ရှင်းရေး ယန္တရားယာဉ်ဖြင့် သန့်ရှင်းရေးဆောင်ရွက်

**မရမ်းကုန်း မတ် ၁**
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှူး၏ လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့၏ အဓိကလမ်းမကြီးတစ်ခုဖြစ်သော ပြည်လမ်းမကြီးတစ်လျှောက် (မရမ်းကုန်းမြို့နယ်အတွင်း) လေဆိပ်လမ်းဆုံမှရှစ်မိုင် လမ်းဆုံအထိ လမ်းဝဲ/ယာတို့တွင် ဂျာမနီနိုင်ငံမှ မှာယူထားသည့် HaKo CityMaster 1250.C Road CleaningTruck လမ်းသန့်ရှင်းရေးယန္တရားယာဉ်ဖြင့် မြောက်ပိုင်းခရိုင် ခရိုင်မှူး ဦးသန်းထိုက်အောင် ဦးဆောင်ကာ မရမ်းကုန်းမြို့နယ် သန့်ရှင်းရေးတာဝန်ခံ ဦးတင်မျိုးထွေးနှင့် ခရိုင်၊ မြို့နယ် အင်အားများဖြင့် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၃ နာရီ မှစတင်ကာ နံနက် ၇ နာရီထိ လမ်းသန့်ရှင်းရေးအထူးဆောင်ရွက်ခဲ့ကြသည်။

"စက်ယန္တရားနဲ့ လမ်းသန့်ရှင်းရေးလုပ်ပေးရတာ ဂုဏ်ယူပါတယ်။ လမ်းသားတွေကိုလည်း ပိုမိုတောက်ပြောင်စေပါတယ်။ သန့်ရှင်းရေးဆောင်ရွက်တဲ့ဝန်ထမ်းတွေအတွက်လည်း လုပ်ငန်းအဆင့်မြှင့်ပြီး အတွေ့အကြုံရရှိစေပါတယ်" ဟု မြောက်ပိုင်းခရိုင်မှူး ဦးသန်းထိုက်အောင်က ပြောသည်။

**၁၉၇**



&efukbfwdkif;a'oukD;wifrtifu;qif;a&;twufwdkif;a'oukD;wyfzGU rtifyn may;jycef;,mOfzifvSnfvnfjyorm;? toifyn may;rm;aqmif;uf vuf&Sdazazm0g&D 27 &uf eHuf 8 em&D '*kdbdpfawmifydkif;rdkU,f&rS jrifbX;0ifaqmif rtifukdwifum ,f&;? ,mOfpnf;urf;vrf;pnf;urf;ESifh ,mOft EÅ&m,fuif;&Sif;apa&;? vkHkcHkudk;rIyaymuf&;? rl,pfaq;0g; tEÅ&m,f wm;qD;mu ,f&; ynmay;vkyfief;rm; a[majymaq;aE;jcif;ESifh vufurf pmapmif;rm;zef;0cHumif;odkonf owif;ESifhwyfk 118

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

**ဟသ်္သာတ မတ် ၁**
ဧရာဝတီတိုင်းဒေသကြီး ဟသ်္သာတမြို့နယ် သမ္ဘာရာတိုင်းအုပ်စု ဝဲကြီးကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများ တွေ့ဆုံပွဲပြုလုပ်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဟသ်္သာတမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ် စားလှယ် ဦးကျော်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးက တိုင်းဒေသကြီးလွှတ်တော်အတွေ့အကြုံနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဟသ်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မြင့်အောင်၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်လွင်လွင်ဦး၊ မြို့နယ်ပညာရေးမှူးရုံး ဒုဦးစီးမှူး(စီမံ) ဦးစောသန်းဝင်းတို့က လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝဲကြီးကျေးရွာအုပ်စုကိုယ်စားပြုရပ်မိရပ်ဖ ဦးအောင်မင်းနှင့် ဦးလှမြင့်တို့က ကျေးရွာအုပ်စုတွင်း လိုအပ်လျက်ရှိသည့် ၂၀၁၅-၂၀၁၆ မိုးတွင်းကာလ ရေကြီးနစ်မြုပ်ခဲ့စဉ်က ရေတိုက်စားပြီး တာပေါင်ကျိုးပွဲ့သွားသော လယ်သမားတာအား အချိန်မီပြုပြင်ပေးနိုင်ရေးကိုလည်းကောင်း၊ ကျေးရွာချင်းဆက်လမ်းများ၊ မူလွန်ကျောင်းများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောင်ရွက်ပေးနိုင်မှုကိုလည်းကောင်း၊ ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက ကဏ္ဍအလိုက်ဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ဝဲကြီးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အုပ်စုတွင်းကျေးရွာများမှ ဒေသခံပြည်သူများနှင့် အခြားကျေးရွာများမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စိတ်ပါဝင်စားသူ စုစုပေါင်း ၂၅၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ကော့သောင်းမြို့ဘုရင့်နောင်ရုပ်တုကုန်းမြေ တောင်ပတ်လမ်းပြန်လည်ဖော်ထုတ်



**ကော့သောင်း မတ် ၁**
ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်မှုအဖြစ် မြို့ကျက်သရေဆောင် ဘုရင့်နောင်ရုပ်တုကုန်းမြေပတ်လမ်းဟောင်း ပြန်လည်ဖော်ထုတ်ဖောက်လုပ်ခြင်းလုပ်ငန်းအား ဖေဖော်ဝါရီ ၂၇ ရက်က စက်ယန္တရားများအသုံးပြုကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့ကျက်သရေဆောင်ဘုရင့်နောင်ရုပ်တုကုန်းမြေဝန်းကျင်သည် ပါချန်မြစ်ဝမှ တစ်ဆင့် တစ်ဖက်ထိုင်းနိုင်ငံသို့ လှမ်းမြင်ရသော သာယာလှပသည့် ရှုခင်းများကြောင့် မြို့သို့လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အမှတ်တရဓာတ်ပုံရိုက် မှတ်တမ်းတင်ခြင်း၊ မြို့ခံပြည်သူများ အပန်းဖြေအနားယူခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် စည်ကားလျက်ရှိသည့်နေရာတစ်ခုဖြစ်သည်။

ကုန်းမြေပိုမိုသာယာလှပရေးနှင့် ကျန်းမာရေးလေ့ကျင့်မှုအဖြစ်ကုန်းမြေပတ် လမ်းလျှောက်ကြသည့် ဒေသခံပြည်သူများ ပိုမိုအဆင်ပြေစေရန်ရည်ရွယ်၍ ကုန်းမြေပေါ်ရှိ ခြုံနွယ်များပိတ်ကာ တိမ်ကောလျက်ရှိသည့် ကုန်းမြေပတ်လမ်းဟောင်းအား စက်ယန္တရားများအသုံးပြုကာ ပြန်လည်ဖော်ထုတ်ပြီး ကတ္တရာခင်းခြင်း၊ လမ်းမီးတိုင်များဖြင့် အလှဆင်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းအား မိမိတို့၏မြို့ ပိုမိုသာယာလှပရေး မြို့ခံစေတနာရှင် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများ၊ စက်ယန္တရား လုပ်အားအလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး 11KV ဓာတ်အားလိုင်းများတိုးချဲ့သွယ်တန်း

**ပဲခူး မတ် ၁**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပဲခူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာဌာနမှ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ပဲခူးမြို့နန်းတော်ရာရပ်ကွက်တွင် 11KV ဓာတ်အားလိုင်းကြိုးများ သွယ်တန်းတပ်ဆင်ပေးကြသည်။

ပဲခူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးထိန်ဝင်း ဦးဆောင်သော ဝန်ထမ်းများက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပဲခူးမြို့ပေါ်ရပ်ကွက်အချို့တွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် 200 KVA ထရန်စဖော် လေးလုံး တိုးချဲ့တပ်ဆင်ခြင်းအပြင် 11KV ဓာတ်အားလိုင်းကြိုးများသွယ်တန်းခြင်း၊ ကွန်ကရစ် ဓာတ်တိုင်များစိုက်ထူခြင်းများ ဆောင်ရွက်ကြသည်။

ယခုအခါ မဇင်းရပ်ကွက် နောင်တော်ကြီးဘုရားအနီးရှိ ထရန်စဖော်မာ၊ ကျွန်းသာယာရပ်ကွက် မဟာမြိုင်လမ်းထိပ်ရှိထရန်စဖော်မာနှင့် နန်းတော်ရာရပ်ကွက် အလင်းရောင်ဈေးအနီးရှိ ထရန်စဖော်မာတို့အား 200 KVA ထရန်စဖော်မာများနှင့်အတူ 11KV ဓာတ်အားလိုင်းကြိုးများ သွယ်တန်းတပ်ဆင်ပေးပြီး ဓာတ်အား ပို့လွှတ်အသုံးပြုနေပြီဖြစ်သည်။

ကျန်ရှိနေသော နန်းတော်ရာရပ်ကွက် ဥဿာသိင်္ဂီစာသင်တိုက်အနီးရှိ ထရန်စဖော်မာအား ဓာတ်အားပို့လွှတ်အသုံးပြုနိုင်ရေးအတွက် 11KV ဓာတ်အားလိုင်းကြိုး သွယ်တန်းတပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **တင်စိုး (ပဲခူး)**



# သကျမာရဇိန်သွန်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်



**ခရမ်း မတ် ၁**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့တွင် ရှေးနှစ်ပေါင်းများစွာက တည်ထားကိုးကွယ်ခဲ့သည့် သကျမာရဇိန်သွန်းဘုရားကြီး၏ (၉၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို မတ် ၅ ရက် (တပေါင်းလဆန်း ၈ ရက်မှ ၁၅ ရက်)၊ (တပေါင်းလပြည့်ကျော် ၃ ရက်) အထိ ၁၁ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တပေါင်းလဆန်း ၈ ရက်မှ ၁၀ ရက်ထိ သံဃာတော်အရှင်သူမြတ်များက မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်၍ တပေါင်းလဆန်း ၁၁ ရက်မှ လပြည့်နေ့အထိ ဇာတ်ပွဲ၊ ရုပ်ရှင်၊ တုတ်ထိုး၊ မျက်လှည့် စသည့်ကြည့်ချင်ပွဲများ ကပြတင်ဆက်ပြီး တပေါင်းလဆန်း ၁၄ ရက်တွင် သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ၍ တပေါင်းလပြည့်နေ့တွင် သွန်းဘုရားကြီးအား အနေကဇာတင်ကျင်းပပြီး မတ် ၁၃ ရက်မှ ၁၅ ထိ သုံးရက်တိုင်တိုင် ဓမ္မပူဇာအထူးတရားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

တပေါင်းလဆန်း ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မြို့နယ်အလှူရှင်များက ဘုရားဖူးလာပြည်သူများကို စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း ခရမ်းမြို့ သကျမာရဇိန်ဘဏ္ဍာတော်ဂေါပကအဖွဲ့ထံမှ သိရသည်။

**ကိုမင်း(ခရမ်း)**

## မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာကော်မတီဝင်များအား ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းပို့ချ



**မလှိုင် မတ် ၁**

မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သော မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၁၀ ရွာမှ မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီအဖွဲ့ဝင်များအား ငွေစာရင်းထိန်းသိမ်းမှုဆိုင်ရာသင်တန်းများ ဖေဖော်ဝါရီ ၂၅ ရက်က မြို့နယ်ရုံးခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ငွေစာရင်းပုံစံခုနစ်မျိုး၊ ငွေသွင်း၊ ငွေထုတ် ချက်လက်မှတ်ပုံစံရေးနည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်နှင့် မြစိမ်းရောင်တာဝန်ခံဝန်ထမ်းများက ပို့ချပေးခဲ့သည်။

"သင်တန်းတွေကို အရင်ကလည်းပို့ချပေးခဲ့ပြီးဖြစ်ပါတယ်။ ခုလိုထပ်မံပို့ချပေးရတာက ကျေးရွာတချို့မှာ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် လစ်လပ်သွားတာမျိုး၊ အပြောင်းအလဲရှိတာမျိုးတွေ ရှိပါတယ်။ ဒါကြောင့် ကော်မတီဝင်အသစ်တွေရော၊ အဟောင်းတွေပါ ကျွမ်းကျင်မှုရှိအောင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ စတင်အကောင်အထည်ဖော်တဲ့ ကျေးရွာ ၁၀ ရွာမှ ကော်မတီဝင်တွေအားလုံးကို ပို့ချပေးခြင်းဖြစ်ပါတယ်" ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မလှိုင်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငါးရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၀ ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကိုးရွာ စုစုပေါင်း ၂၄ ရွာတွင် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြစိမ်းရောင် အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေကြောင့် ကျေးရွာများတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးလုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**

## ပြည်ထောင်စုအစိုးရအဖွဲ့ သီးသန့်ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်ရေကျော်နှစ်စင်း ခင်းကျင်းဆောင်ရွက်ပေး

**ညောင်ဦး မတ် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သီးသန့်ခွင့်ပြုရန်ပုံငွေကျပ် (၄၀ ဒသမ ၈ ၆) သန်းဖြင့် ငါ့သရောက်-ညောင်ဦးသွားလမ်း မိုင်တိုင်အမှတ်(၄/၄) အနီးရှိ အရှည်ပေ (၇၀ × ၂၀×၆) ခန့် ရေကျော်နှင့် ငါ့သရောက်-ဂျမ်းလှီးကျေးရွာချင်းဆက်သွားလမ်း အရှည်ပေ (၁၀၀× ၂၀×၆) ခန့်ရှိ ဝက်ကျချောင်းရေကျော်တို့အား ဒေသခံပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်ရေးအတွက် ကွန်ကရစ်ရေကျော်များအဖြစ် အဆင့်တိုးမြှင့် ခင်းကျင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကျော်များအား ကွန်ကရစ်ရေကျော်အဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခြင်းလုပ်ငန်းများကို ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ဖေဖော်ဝါရီ ၁၆ ရက်မှစတင်ကာ တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မင်းနောင် ဦးဆောင်၍ ဦးညီညီဦး (ဦးစီးအရာရှိ-နည်းပညာ) နှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီရန်နှင့် သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ယင်းအပြင် ကွန်ကရစ်ရေကျော်ခင်းခြင်းလုပ်ငန်းများ ပြီးစီးသွားပါက ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၄ ရွာမှ အိမ်ထောင်စု ၆၅၅၁ စု၊ လူဦးရေ ၂၉၀၀၁ ဦးခန့်အား လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များအပြင် ဒေသထွက်ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကိုပါ များစွာအထောက်အကူပြုပေးသွားနိုင်မည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# အာဆီယံသပြေပန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ တောင်သူများအဆင်ပြေ



**မန္တလေး မတ် ၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ဆည်တော်ကြီး၊ ဆည်တော်လေး ဆည်ရေသောက်စနစ်ဖြင့်စိုက်ပျိုးသော အာဆီယံသပြေပန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး နေ့စဉ်ပုံမှန်ဝင်ငွေရရှိနေသောကြောင့် သပြေပန်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"သပြေပင်က ဆည်တော်ကြီး၊ ဆည်တော်လေး ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးတာပါ။ နှစ်ရှည်ပင်ဆိုတော့ ပထမတစ်နှစ်ပဲအရင်းဝင်တာ။ နောက်နှစ်တွေကျ အပင်ပြုစုတာတို့၊ အပင်အောက်မှ ရွက်ခြောက်ကောက်တာတို့၊ ရေဖျန်းတာတို့၊ အရွက်တွေပိုးလိပ်ချိန်မှာ ဆေးဖျန်းတာတို့တော့ ပြုလုပ်ပေးရတယ်။ သပြေပန်းက တစ်ပင်နဲ့တစ်ပင် သုံးပေခန့်ခြားစိုက်ရတာ။ ပျိုးပင်ကတော့ အစားစားရှိတယ်။ ကျပ် ၂၀၀ မှ ကျပ် ၈၀၀ တန်ထိရှိတယ်"ဟု ပုသိမ်ကြီးမြို့နယ် ရွာရှည်ကျေးရွာမှ သပြေပန်းစိုက်တောင်သူတစ်ဦးက ပြောသည်။

"တစ်ဧကကို အပင် ၂၅၀၀ ကနေ ၃၀၀၀ ခန့် စိုက်ပျိုးနိုင်ပြီး အာဆီယံသပြေနဲ့ ရွှေသပြေစိုက်ကြတာများတယ်။ ခုချိန်ကတော့ ရေသွင်းပေးရတယ်။ နေ့စဉ်လည်းဖြတ်ရောင်းနေရပါတယ်။ တစ်စည်းကို၃၀၀၊ ၄၀၀ ကျပ် ဈေးပေါက်တယ်။ အစည်းအကြီးအသေးပေါ် မူတည်ပြီး ဈေးနှုန်းကွဲပြားပါတယ်။ ပန်းပွဲစားတွေက ယာခင်းထဲထိလာဝယ်ပါတယ်။ ဈေးကောင်းတော့ အဆင်ပြေပါတယ်။ ကျွန်တော်တို့ဒေသက ဆည်ရေနဲ့ ရာသီမရွေးစိုက်ပျိုးနိုင်တော့ သီးနှံတွေက အောင်မြင်ပါတယ်။ မိုးလိုရင် ဆည်ရေကူလိုက်တာပဲ။ ဒါကြောင့်သီးနှံတွေအောင်မြင်တာပေါ့" ဟု ၎င်းက ဆက်လက်ပြောသည်။

ပုသိမ်ကြီးမြို့နယ်သည် ဆည်တော်ကြီး၊ ဆည်တော်လေး ဆည်ရေသောက်စနစ်ဖြင့် သီးနှံများ ရာသီမရွေးစိုက်ပျိုးနိုင်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ သပြေပန်းစိုက်တောင်သူများလည်း နေ့စဉ်ဝင်ငွေရနေသောကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ကန်ကြီးထောင့် မတ် ၁**

ပူပြင်းခြောက်သွေ့သော နွေရာသီရောက်ရှိလာသည်နှင့်အမျှ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းကာ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီက မြို့မစည်ပင်သာယာဈေးရှေ့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးကဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် မြို့မစည်ပင်ဈေးရှေ့၌ အသင့်နေရာယူပြီး မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်သည့်ပုံစံအတိုင်း လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြပြီး ဈေးသူ၊ ဈေးသားများကို မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်သော ဆောင်ရန်ရှောင်ရန်များကိုလည်း အသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်ကော်မတီနှင့် ဈေးသူ၊ ဈေးသားများမှ စုပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**



## 'ပိုမိုကောင်းမွန်သည့်မန္တလေး' စကားဝိုင်းပြုလုပ်

**မန္တလေး မတ် ၁**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံတရုတ်ကုန်သည်ကြီးများအသင်း (အထက်မြန်မာပြည်) နှင့် Capital Diamond Star Foundation တို့ပူးပေါင်း၍ "ပိုမိုကောင်းမွန်သည့်မန္တလေး" Mandalay – Heritage Conservation and Responsible Urban Development ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်း၊ ၅၅ လမ်းနှင့် ၅၆ လမ်းကြားရှိ Triumph Hotel Event Hall တွင် ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အစိုးရအဖွဲ့အစည်းဝင်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဒေါက်တာမောင်မောင်နှင့် အမှုဆောင်များ၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းဝင်များ၊ အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များမှ ပါမောက္ခများ၊ ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများ မန္တလေးမြို့မိမြို့ဖများ၊ ဗိသုကာနှင့် မြို့ပြပညာရှင်များ၊ တက္ကသိုလ်များမှ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးမြို့၏ မြို့ပြဖွံ့ဖြိုးရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြေသယံဇာတကိုကောင်းမွန်စွာအသုံးချခြင်းဖြင့် မန္တလေး၏ ကြွယ်ဝလှသော လူမှု၊ ယဉ်ကျေးမှုအမွေအနှစ်များ မြှင့်တင်ထိန်းသိမ်းရန်ရည်ရွယ်၍ 'ပိုမိုကောင်းမွန်သည့်မန္တလေး' ခေါင်းစဉ်ဖြင့် စကားဆွေးနွေးပွဲကျင်းပရာ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့မှ ဦးသန်းမြင့်ဦး၊ Capital Diamond Star Group မှ ဒေါက်တာကိုကိုကြီး၊ မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းဦး၊ မန္တလေးနည်းပညာတက္ကသိုလ် ဗိသုကာပညာဌာန ပါမောက္ခဒေါက်တာစုစု၊ ကထိကဦးဝင်းသန့်ဝင်းရွှင်၊ စာရေးဆရာမြတ်မိုးရွှေ၊ စာရေးဆရာကျော်ရင်မြင့်တို့က မန္တလေးမြို့ပြဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး ဆွေးနွေးခဲ့သည်။ ယင်းနောက် တက်ရောက်လာသော မြို့မိမြို့ဖများ၊ ဗိသုကာနှင့် မြို့ပြပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များက သိလိုသည်များမေးမြန်းခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## သမိုင်းတစ်လျှောက် ဒုတိယမြောက် ကြည့်ရှုသူအနည်းဆုံးဖြစ်ခဲ့တဲ့ ၂၀၁၇ ခုနှစ်အော်စကာဆုပေးပွဲ

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၆ရက်မှာ ကျင်းပခဲ့တဲ့ အော်စကာဆုပေးပွဲကြီးဟာ အော်စကာဆုပေးပွဲကို ကျင်းပလာခဲ့တဲ့ ၈၉ နှစ်တာကာလအတွင်း ဒုတိယမြောက်ပရိသတ်အနည်းဆုံးဆုပေးပွဲအခမ်းအနားဖြစ်ခဲ့ရကြောင်း စီအန်အန်ဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

ယခုနှစ်မှာကျင်းပခဲ့တဲ့ (၈၉)ကြိမ်မြောက် အော်စကာဆုပေးပွဲကြီးဟာ ကျင်းပခဲ့သမျှသော အော်စကာဆုပေးပွဲတွေအနက် ရုပ်မြင်သံကြားပေါ်ကနေတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်မှုကို ကြည့်ရှုအားပေးခဲ့တဲ့ ပရိသတ်အနည်းဆုံးဆုပေးပွဲစာရင်းမှာ ဒုတိယနေရာမှာ ရှိနေခဲ့တာဖြစ်ပါတယ်။

ယခုနှစ်ရဲ့ အကယ်ဒမီဆုပေးပွဲကြီးဟာ ရုပ်မြင်သံကြားပေါ်မှ ကြည့်ရှုခဲ့သူ ၃၂ဒသမ ၉သန်းခန့်ရှိခဲ့ကြောင်း NBCရုပ်သံလိုင်းက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ဆုပေးပွဲကြီးကိုတော့ ကြည့်ရှုသူ ၃၄ သန်းရှိခဲ့တာကြောင့် ဒီနှစ်မှာတော့ ရုပ်မြင်သံကြားပေါ်မှတစ်ဆင့်ကြည့်ရှုခဲ့တဲ့ အော်စကာပရိသတ် ကျဆင်းခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ယခုနှစ်ဟာ ၂၀၀၈ခုနှစ်နောက်ပိုင်းထုတ်လွှင့်တဲ့ခဲ့ အော်စကာဆုပေးပွဲတွေအနက် ပရိသတ်အနည်းဆုံး ဆုပေး ပွဲဖြစ်ခဲ့ ကြောင်းလည်း သိရပါတယ်။



## အမ်မာဝပ်ဆန်ရဲ့ ပရိသတ်တွေနဲ့အတူ ဆယ်ဖီမရိုက်ရတဲ့ အကြောင်းအရင်း

ဗြိတိန်မင်းသမီးချောတစ်ဦးဖြစ်တဲ့အမ်မာဝပ်ဆန်ဟာ စာရေးဆရာမဂျေကေရိုးလင်းရဲ့ အောင်မြင်ခဲ့တဲ့ဝတ္ထုတွေကို ပြန်လည်အသက်သွင်းထားတဲ့“Harry Potter”ဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ ပင်တိုင်သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပြီး လတ်တလောမှတော့ အောင်မြင်တဲ့ဟောလိဝုဒ်သရုပ်ဆောင်တစ်ဦးဖြစ်လာခဲ့ပြီ ဖြစ်ပါတယ်။ ဒီလိုကမ္ဘာတစ်ဝန်း ပရိသတ်အခိုင်အမာရရှိထားပြီးဖြစ်တဲ့အမ်မာဝပ်ဆန်က သူ့အနေနဲ့ ပရိသတ်တွေနဲ့အတူ ဆယ်ဖီဓာတ်ပုံတွဲရိုက်လေ့မရှိကြောင်းနဲ့ ဒဲဒီလိုပရိသတ်တွေကို သူနဲ့အတူတွဲကာဓာတ်ပုံရိုက်ခွင့်မပေးရတဲ့အကြောင်းလည်း ရှိကြောင်း Vanity Fair မဂ္ဂဇင်းကြီးရဲ့ မတ်လထုတ်မဂ္ဂဇင်းမှာ အမ်မာဝပ်ဆန်က ဖွင့်ဟပြောကြားထားကြောင်း တူဒေးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၂၆)နှစ်ရှိပြီဖြစ်တဲ့မင်းသမီး အမ်မာဝပ်ဆန်က အဆိုပါမဂ္ဂဇင်းရဲ့ အင်တာဗျူးမှာ သူ့ဟာ ပရိသတ်တွေနဲ့ တွေ့ဆုံရတာကိုနှစ်သက်ပေမယ့် ပရိသတ်တွေနဲ့သူ့အကြားမှာ ဓာတ်ပုံတွဲရိုက်တာနဲ့ပတ်သက်ပြီး စည်းတစ်ခုထားထားကြောင်း ဖွင့်ဟပြောကြားခဲ့တာဖြစ်ပါတယ်။

အမ်မာဝပ်ဆန်က သူ့ရဲ့မျက်နှာပုံတူတက်တူးကို ကိုယ်ခန္ဓာပေါ်မှာ တက်တူးထိုးထားတဲ့ပရိသတ်တွေနဲ့ တွေ့ခဲ့ဖူးကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။ ဒါပေမယ့် သူနဲ့အတူ ဓာတ်ပုံတွဲရိုက်ဖို့အတွက် ပရိသတ်တွေက တောင်းဆိုလာတဲ့အခါမှာတော့ ပရိသတ်တွေကို အမှတ်တရလက်မှတ်ထိုးပေးတာမျိုး၊ တစ်ခါတလေမှာ “Harry Potter ”ရုပ်ရှင်နဲ့ပတ်သက်ပြီး ပရိသတ်သိချင်တာလေးတွေကို ဖြေကြားပေးထာမျိုးကိုသာ အစားပြုလုပ်ပေးခဲ့ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဒီလိုပရိသတ်တွေနဲ့အတူ ဆယ်ဖီမရိုက်ရတဲ့အကြောင်းအရင်းကိုလည်း အမ်မာဝပ်ဆန်က “တကယ်လို့ တစ်ယောက်ယောက်က ကျွန်မနဲ့အတူ ဓာတ်ပုံတွဲရိုက်ဖို့ တောင်းဆိုလာခဲ့မယ်ဆိုရင် ဒီလိုဓာတ်ပုံရိုက်တဲ့အခိုက်အတန့် နှစ်စက္ကန့်လောက်အချိန်လေးအတွင်းမှာ အဲဒီဓာတ်ပုံဟာ ကျွန်မနဲ့ ဆယ်မီတာလောက်အကွာအဝေးအထိ မှတ်တမ်းတင်ထားပြီးသားဖြစ်သွားပါတယ်။ ကျွန်မဘာဝတ်ထားတယ်၊ အနားမှာ ဘယ်သူတွေရှိနေတယ်၊ ဘယ်နားမှာရှိနေတယ်၊ ဒါတွေကို ဖော်ပြနေမှာပါ။ ကျွန်မအနေနဲ့ ကျွန်မရဲ့သတင်းတွေကို ခြေရာခံပေးနိုင်တဲ့အချက်အလက်တွေကို မပေးချင်တဲ့အတွက် ဒီလိုဆယ်ဖီမရိုက်တာဖြစ်ပါတယ်”လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒစ်စနေရဲ့လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ် “Beauty and the Beast”မှာ ဇာတ်ဆောင်တစ်ဦးဖြစ်သူ ဘယ်လာအဖြစ်ပါဝင်သရုပ်ဆောင်ထားတဲ့ အမ်မာဝပ်ဆန်ဟာ သူ့ရဲ့ပုဂ္ဂိုလ်ရေးအကြောင်းအရာတွေနဲ့ပတ်သက်ပြီး ဖွင့်ဟလေ့မရှိကြောင်း၊ သူ့ရဲ့ကိုယ်ပိုင်အချိန်တွေမှာ သူ့ကိုဓာတ်ပုံရိုက်တာတွေမပြုလုပ်ကြဖို့ မီဒီယာတွေကိုလည်းတောင်းဆိုထားကြောင်းနဲ့ သူ့ရဲ့ချစ်သူနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကိုလည်း မီဒီယာတွေကို ပြောကြားလေ့မရှိကြောင်းလည်း အဆိုပါအင်တာဗျူးမှာ ဖွင့်ဟပြောကြားခဲ့ပါတယ်။ ။

အေးပြည့် - ရေးသားသည်



## ပြန်လည်စုံဆည်းခဲ့တဲ့ 2NE1

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ 2NE1 ဟာ ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာ အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် အဖွဲ့ဝင်တွေဟာ သီးခြားအနုပညာလှုပ်ရှားမှုတွေနဲ့ အနုပညာခရီးဆက်ခဲ့ကြတာဖြစ်ပါတယ်။ ဒီလို အဖွဲ့ဝင်လေးဦးပါဝင်တဲ့ တေးဂီတအဖွဲ့အဖြစ် ဆက်လက်မရပ်တည်နိုင်တော့ပေမယ့် သူတို့တွေကိုတော့အတူတွေ့နေရဆဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၆ရက်က ကျရောက်ခဲ့တဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ စီအယ်လ်ရဲ့မွေးနေ့အခမ်းအနားကိုတော့ ကျန်တဲ့အဖွဲ့ဝင်တွေအားလုံးတက်ရောက်ခဲ့တာကြောင့် 2NE1 ရဲ့ ပေါင်းစည်းမှုကို ပြန်လည်တွေ့မြင်ခဲ့ရကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ဖျက်သိမ်းခဲ့ပြီးဖြစ်ပေမယ့် ဂီတသက်တမ်းတစ်လျှောက်အတူလက်တွဲလာခဲ့တဲ့ အဖွဲ့ဝင်တွေကတော့ သူတို့အကြားက ရှိပြီးသားဆက်ဆံရေးကို မဖြတ်ခဲ့ကြဘဲ အဖွဲ့ဝင်တစ်ဦးရဲ့မွေးနေ့ကို အပြည့်အစုံတက်ရောက်အားပေးတာကိုတွေ့မြင်ခဲ့ရတဲ့အတွက် သူတို့အကြားက ဆက်ဆံရေးဟာ ခိုင်မာနေဆဲဖြစ်တာကို တွေ့မြင်ခဲ့ရကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၆ရက်မှာ အသက် (၂၇)နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ စီအယ်လ်ရဲ့ မွေးနေ့အမှတ်တရဆုတောင်းစကားတွေကိုလည်း ကျန်အဖွဲ့ဝင်တွေက စီအယ်လ်ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြကြောင်းလည်း သိရပါတယ်။

### ဧကရာဇ် ယနေ့ကြေးမုံရုပ်ရှင်အညွှန်း

## ‘ဘီလူး’ ဇာတ်ကားရဲ့အဆက် ‘သားဘီလူး’ ဇာတ်ကား ယခုတစ်ပတ်ရုံတင်မည်

***တစ်ခေတ်တစ်ခါက မြန်မာ့ရုပ်ရှင်လောကမှာ လူကြိုက်များကျော်ကြားခဲ့တဲ့၊ သရုပ်ဆောင် ဗေလုဝကို မွေးထုတ်ပေးခဲ့တယ်လို့ ဆိုနိုင်လောက်တဲ့ “ဘီလူး” ဇာတ်ကားရဲ့ နောက်ဆက်တွဲ “သားဘီလူး”ဇာတ်ကားသစ်ကို ယခုတစ်ပတ်မှာ ရုံတင်ပြသပေးတော့မှာဖြစ်ပါတယ်။***

ဒီဇာတ်ကားသစ်လေးဟာ “ဘီလူး” ဇာတ်ကားရဲ့ ဖန်တီးရှင် ဝတ္ထုအကြည်တော်ရဲ့ လက်ရာပဲဖြစ်ပြီးတော့ ကျေးလက်တောရွာနေ ရိုးသားတဲ့ တောသူတောင်သားများရဲ့ သဘာဝသရုပ်ကိုပုံဖော်ထားတဲ့ ကျေးလက်နောက်ခံ အချစ်ဟာသဇာတ်ကားတစ်ကားပဲဖြစ်ပါတယ်။

ပါဝင်ကြတဲ့ သရုပ်ဆောင်တွေကတော့ နေဒွေး၊ ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ မြတ်ကေသီအောင်၊ ခိုင်သင်းကြည်၊ ဗေလုဝ၊ ခင်လှိုင်၊ ဒိန်းဒေါင်နဲ့ အနုပညာရှင်များစွာက ပါဝင်အားဖြည့်ပေးထားတဲ့ဒီဇာတ်ကားလေးကို ခရေဖြူ ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးက ထုတ်လုပ်ထားတာဖြစ်ပြီးတော့ ဝတ္ထု အကြည်တော်၊ ဇာတ်လမ်း နေစိုးသော်တို့နဲ့အတူ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပုံဖော်ဖန်တီးပေးထား တာဖြစ်ပါတယ်။ ဗေလုဝရဲ့ “ဘီလူး”တုန်းကလည်း တစ်ရွာလုံးကို အုံးအုံးကြွက်ကြွက်ဖြစ်အောင် မွှေသွားခဲ့ပြီး အခု နောက်ဆက်တွဲ “သားဘီလူး”မှာရော ဘယ်လိုတွေ ဆက်မွှေအုန်း မှာလဲဆိုတာတော့ စိတ်ဝင်စားဖွယ်စောင့်ကြည့်ကြရမှာဖြစ်ပါတယ်။

အခု အသစ်ရုံတင်ပြသမယ့် “သားဘီလူး”ဇာတ်ကားသစ်ဟာ ဟာသသက်သက်မဟုတ်ဘဲ ပညာပေးသဘော တရားများနဲ့ နယ်ချဲ့တို့ကို တိုက်ထုတ်နိုင်ခဲ့သည့် ရိုးသားသော ကျေးလက်တောင်သူတို့ရဲ့ မျိုးချစ်စိတ်ပြင်းထန်ပုံအကြောင်းတို့ကိုလည်း ထည့်သွင်းခြယ်မှုန်းထားကြောင်းသိရပါတယ်။



“သားဘီလူး”ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

“သားဘီလူး”မြန်မာဟာသဇာတ်ကားသစ်ကို သမ္မတ၊ သွင်၊ မင်္ဂလာ(၁) သိမ်ကြီးဈေး၊ တော့ရှိုင်ရယ်(စိန်ဂေဟာ ပါရမီ)၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာထွန်းသီရိ ပဲခူးမြို့နဲ့ မကွေးမြို့မှာရှိတဲ့ မင်္ဂလာရုပ်ရှင်ရုံတွေနဲ့ တောင်ငူမြို့က NEW 3D Cinema ရုပ်ရှင်ရုံတို့မှာ မတ်လ ၃ ရက်နေ့က စတင်ပြီး ရုံတင်ပြသသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ဒီတစ်ပတ်မှာ မြန်မာဇာတ်ကားကြိုက်နှစ်သက်တဲ့ ပရိသတ်ကြီးအနေနဲ့ မြန်မာဇာတ်ကားသုံးကားကို တစ်ပြိုင်တည်း ရွေးချယ်ကြည့်ရှုနိုင်ကြမှာဖြစ်ပါတယ်။ အရင်အပတ်က ပြသနေဆဲဇာတ်ကားတွေဖြစ်တဲ့ ဟာသဇာတ်ကား “ကြီးကြီးကျယ်ကျယ်”နဲ့ အိမ်ထောင်ရေးဇာတ်ကား“မောင့်အိမ်သူ” တို့ကိုလည်း မကြည့်ရသေးသူတွေ ဆက်လက် ကြည့်ရှုနိုင်ကြမှာပါ။

သရုပ်ဆောင် လူမင်းနဲ့ အိန္ဒြာကျော်ဇင်တို့ရဲ့ “မောင့် အိမ်သူ” ဇာတ်ကားကိုတော့ ရွှေ့ဆောင် (၂) ရုပ်ရှင်ရုံမှာ ဆက်လက်ရုံတင်မှာဖြစ်ပြီးတော့ မြင့်မြတ်၊ ဟိန်းဝေယံ၊ အိချောပိုနဲ့ ရွှေမှုံရတီတို့ရဲ့ “ကြီးကြီးကျယ်ကျယ်” ဟာသဇာတ်ကားကိုတော့ ရွှေ့ဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ (ဝဇီရာ)လှိုင်သာယာ၊ မင်္ဂလာ (ဂမုန်းပွင့်)လှည်းတန်း စံရိပ်ငြိမ်၊ မင်္ဂလာ ဒိုင်းမွန်း၊ မင်္ဂလာထွန်းသီရိ၊ မန်း နေပြည်တော်၊ မင်္ဂလာရုပ်ရှင်ရုံ (ပဲခူး)နဲ့ မကွေးမြို့ရှိ မင်္ဂလာစံပြရုပ်ရှင်ရုံတို့မှာ ဆက်လက်ရုံတင်ပြသပေးသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် သိပ္ပံဇာတ်ကာ; Resident Evil: The Final Chapter ကိုလည်း ဒီတစ်ပတ်မှာဆက်လက်ရုံတင် ပြသပေးမှာဖြစ်သလို John Wiခုမှုခင်းအက်ရှင်ဇာတ်ကားကိုလည်း ဆက်လက်ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

ဒီတစ်ပတ် ဇာတ်ကားသစ်အနေနဲ့ Cchool Tales လို့အမည်ရတဲ့ သည်းထိတ်ရင်ဖို ထိုင်းသိဥာဉ်ဇာတ်ကားကို လာမည့် မတ်လ ၃ ရက်မှ စတင်ကာ နေပြည်တော်၊ မင်္ဂလာ(ဂမုန်းပွင့်)နဲ့ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတွေမှာ ကြည့်ရှု ကြနိုင်မှာဖြစ်ပါကြောင်း ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍမှ ညွှန်းဆိုတင်ဆက်လိုက်ရပါတယ်။

**ဖြိုးစန္ဒာမြင့်**

Nurturing Future Leaders

Since 1998

ဒေါက်တာစောလှဖြူ ဦးစီးတည်ထောင်သည်

# EC ကိုယ်ပိုင်အထက်တန်းကျောင်း

EC : The Prestigious School of Future Leaders

## EC အစ်ကိုအစ်မများ၏ မေတ္တာမှန်

## တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင်များ



မောင်ခွန်ထူးရဲအောင်
(ဆဗဟ-၇၀၀)
တောင်ကြီးမြို့



မယွန်းရတုနွယ်
(ဆဗဟ-၆၅၂)
တောင်ကြီးမြို့



မမေထက်သာ
(ဆဗဟ-၆၇၈)
ရန်ကုန်မြို့



မောင်ရဲရင့်ပိုင်ဦး
(ဆဗဟ-၇၀၃)
ရန်ကုန်မြို့



မဟန်နီချို
(ဆဗဟ-၆၁၃)
ရန်ကုန်မြို့



မယဉ်ယဉ်မိုးဦး
(ဆဗဟ-၇၀၄)
ပဲခူးယ်ကုန်းမြို့



မမြင့်မြတ်ဇော်
(ဆဗဟ-၆၂၂)
ရန်ကုန်မြို့



မောင်နိုင်ဝေအောင်
(ဆတမ-၆၇၄)
ရေနံချောင်းမြို့



မောင်လွင်မျိုးအောင်
(ဆတမ-၆၆၅)
ညောင်ရွှေမြို့



မောင်ပြည့်ဇော်ထက်
(ဆတမ-၆၀၄)
ရန်ကုန်မြို့

**Top-Ten နှင့် ဘာသာစုံဂုဏ်ထူး နှစ်စဉ်ဆွတ်ခူးခဲ့ကြသော**
**EC အစ်ကိုအစ်မများ၏ အစဉ်အလာများအတိုင်း**
**၂၀၁၇ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့်**
**EC ညီငယ်ညီမငယ်များနှင့် မြန်မာတစ်နိုင်ငံလုံးမှ ညီငယ်ညီမငယ်များ**
**ထူးချွန်အောင်မြင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။**

- ၆(က) ကန်တော်ကြီးကန်ပတ်လမ်းမကြီး၊ ရန်ကုန်မြို့။ ၀၉ ၂၆၄ ၂၀၀၀၅၇၊ ၀၉ ၂၆၄ ၂၀၀၀၅၈
- (ကျောင်း) ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၆၄ ၂၀၀၀၅၉

## တောင်ပေါ်သားရှိရှင်း(စိုက်ပျိုးရေး)ကုမ္ပဏီလီမိတက်

# မတ်လ(၂) ရက်နေ့တွင် ကျရောက်သော တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့်

## “ကျေးဇူးရှင်တောင်သူဦးကြီးများအားလုံး”

### သီးနှံအထွက်များ ဆတက်ထမ်းပိုး တိုးတက်ရရှိကာ အောင်မြင်ပါစေကြောင်း

### ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။



**ရန်ကုန်မြို့**
အမှတ်(၉/၁၀)၊ ဘောဂျင်းလမ်း၊ ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၆၈၃၃၂၇၊ ၆၈၃၃၂၉၊ ၆၈၁၆၂၅၊ Fax : 01-9688602

**မန္တလေးမြို့**
အမှတ်(B2-A3/A4)၊ စက်မှုပန်းခြံလမ်း၊ မန္တလေးမြို့။
ဖုန်း - (၀၂)၅၁၅၃၄၅၄၊ ၅၁၅၃၂၁၂၊ ၅၁၅၃၅၃၃။

**သီတာဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ မတ်လ ၄၊ ၅ (၇၆)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဖေဖော်ဝါရီလ ၂၅ ရက်တွင် စတင်လက်ခံ၍ မတ်လ ၄၊ ၅ ရက်များတွင် ၇၆-ကြိမ်မြောက် ဦးရေ (၉၆၄၀) ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူလိုက ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်နေရာ - သီတာဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ချော်တော်။ (ကျိုက္ကဆံစုပါဝင်။ တာမွေလေး။ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေပုံတိုင်ကမ္ဘောဇဘဏ် - အရှင်ဓမ္မသီရိလက်ခံရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဂမုန်းပွင့် စံရိပ်ငြိမ်**

အမှတ် (၉၆-၁၀၁)၊ ရန်ကုန် အင်းစိန်လမ်း
စံရိပ်ငြိမ်၊ ကမာရွတ်မြို့နယ်။

**Summer Sale Double Chance!**

**25 Feb 2017 to 31 Mar 2017**

ဂမုန်းပွင့် (စံရိပ်ငြိမ်) ပထမထပ်ရှိ ဂမုန်းပွင့် အရောင်းကောင်တာများတွင် ၂၅-၂-၂၀၁၇ မှ စ၍ တစ်နေ့တာအတွင်း ကျပ် **50,000/-** ဖိုးနှင့်အထက် ဝယ်ယူသူတိုင်း ကျပ် **5000/-** ဖိုးကူပွန်တစ်ခုလက်ဆောင်ရရှိပါမည်။ ထိုကူပွန်ဖြင့် ဂမုန်းပွင့် (စံရိပ်ငြိမ်) ရှိအောက်ပါ စားသောက်ဆိုင်များတွင် **အခမဲ့ပြန်လည်မှာယူစားသုံးနိုင်ပြီး Discount** နှင့် လက်ဆောင်များ ထပ်မံရရှိနိုင်မည့် အခွင့်အရေး ဖြစ်ပါသည်။

HAPPY Cafe & Noodles
Chatime
HOLLYWOOD
K BOX Karaoke
ICE MANIAS
CHA THAI
Ice Berry
Mr. Chef
Rice Shop
SK Hot Pot

Buy 50000/-& Up
Get 5000/-Coupon .....
Get more Discount&Gifts
@ Restaurant & Cafe'

**M9 PUBLIC CO.,LTD.**

**SAMSUNG**

## Samsung Pre Summer Promotion

**Samsung** တံဆိပ်ပါ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ လေအေးပေးစက်များဝယ်ယူပြီး ချက်ချင်းလက်ငင်းငွေသားလက်ဆောင်၊ ပစ္စည်းလက်ဆောင်များ ရယူလိုက်ပါ....

UA32J4003 AKXMR
20,000 KS.

WA12J5710SG (12Kg)
30,000 KS.

RT20FGRVDSA (Two Doors)
20,000 KS.

10 - 2 - 2017
to
10 - 3 - 2017

RR19SA/UT (One Door)
10,000 KS.

WA10J5713SG (10Kg)
10,000 KS.

AR10KVFNAWKNUN
Inverter Model(1.0 HP)
FREE GIFT
Microwave Oven (ME711K)

AR13KVFNAWKNUN
Inverter Model(1.5 HP)
FREE GIFT
Microwave Oven (ME711K)

**M9 PUBLIC CO.,LTD.** မှဖွင့်လှစ်ထားသော **Samsung Brand Shops** များနှင့် အနယ်နယ်အရပ်ရပ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

www.facebook.com / M9 Group Co.Ltd   M9 PUBLIC CO.,LTD. Authorized Master Distributor of SAMSUNG   09-977233151 , 09-977233144

# လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်

## လူသားတိုင်းသည် မွေးဖွားကတည်းက လွတ်လပ်၍ညီမျှသော အခွင့်အရေးနှင့်ဂုဏ်သိက္ခာရှိသည်

**Fifth Edition**



မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ၂၀၁၃ ခုနှစ် ဇွန်လ ၁၅ - ၁၉ ရက်တွင် စတင်ကျင်းပခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ ဖြစ်သော ဇွန်လ ၁၉ ရက်နေ့တွင် ဆုပေးပွဲအခမ်းအနားကျင်းပခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်၍ ဆုချီးမြှင့်ခဲ့ပါသည်။ ယခုအခါ ပဉ္စမအကြိမ်မြောက် လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ၂၀၁၇ ခုနှစ် ဇွန်လ ၁၄ - ၁၉ ရက်တွင် ကျင်းပနိုင်ရန် စတင်ပြင်ဆင်နေပြီဖြစ်ပါသည်။

